မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၉၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်

ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများ ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၇

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး ဂန္ဓကုဋိတိုက်တော်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✳

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၁၈ ရက်)

သတင်းအချက်အလက် နည်းပညာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်နှင့်အတူ အိုင်တီစက်မှုလုပ်ငန်းရှင်များ ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရန် ဧပြီလ ၁၃ရက်နေ့က ရတနာပုံ တယ်လီပို့ အဆောက်အအုံသို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးကာ လမ်းညွှန်မှာကြားခဲ့သည်။

ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ၂၀၀၇ခုနှစ် ဒီဇင်ဘာလ၌ ရတနာပုံတယ်လီပို့ ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ စီမံကိန်းမြေဧရိယာ ၁၀၀၀၀ ရှိသည့်အနက် ပထမအဆင့် မြေဧရိယာ ဧက ၂၂၀၀ပေါ်တွင် တယ်လီပို့နှင့် Incubation Centre ခုနစ်လုံးကို တည်ဆောက်ပြီးဖြစ်သည်။

အိုင်တီလုပ်ငန်း(သတင်းအချက်အလက် နည်းပညာလုပ်ငန်း)သည် ယနေ့ခေတ်၌ တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး စသည့်ကဏ္ဍအားလုံးနှင့် အကျုံးဝင်ဆက်စပ်လျက်ရှိပြီး များစွာထိရောက် အသုံးဝင် ကျယ်ပြန့်လျက်ရှိသောလုပ်ငန်းဖြစ်သည်။ အိုင်တီကို ထိရောက်စွာ အသုံးချခြင်းမှသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သကဲ့သို့ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အိုင်တီလုပ်ငန်းကို ပြန်လည်မြင့်မား တိုးတက်လာစေမည် ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီ ၁၈ခုကို မြေကွက်များနေရာချပေးပြီးဖြစ်ရာ စက်ရုံတည်ဆောက်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက် နေပြီဖြစ်သည်။ အိုင်တီစက်မှုလုပ်ငန်းများသည် ဈေးကွက်ရှိမှသာ ဖွံ့ဖြိုးအောင်မြင်မှုရရှိမည်ဖြစ်၍ ဈေးကွက်ရရှိရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆက်စပ်စဉ်းစားပြီး အားပေးပျိုးထောင်သွားရမည်ဖြစ်သည်။ သို့မှသာ ပြည်တွင်းပြည်ပ ဈေးကွက်များ၏ လိုအပ်ချက်များနှင့် ထူထောင်ထားသော အိုင်တီစက်မှုလုပ်ငန်းများ ထိရောက်စွာ ချိတ်ဆက်ပေးသွားနိုင်မည် ဖြစ်သည်။

အိုင်တီလုပ်ငန်းသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး စသည့် ကဏ္ဍများအားလုံးနှင့် အကျုံးဝင် ဆက်စပ်လျက်ရှိရာ အိုင်တီကို ထိရောက်စွာ အသုံးချနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ အိုင်တီစက်မှုလုပ်ငန်းရှင်များက နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၄-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅	MRTV-4 နံနက်ခင်းသတင်း
၆:၀၀	နှစ်ဦးကာလမင်္ဂလာဆောင် တရားတော် (အရှင်နန္ဒမာလာဘိဝံသ)
၆:၄၅	စွယ်တော်လေးဆူ ဆုပန်ယူ
၇:၀၀	ရတနာသိုက်ရှာပုံတော် (အပိုင်း-၈)
၇:၃၀	**TOM & JERRY**
၈:၀၀	MRTV-4 နံနက်ခင်းသတင်း
၈:၄၅	လွင်မိုးခရီးသွားနေသည် (ကျားထိုရွာကို နှုတ်ဆက်ခြင်း သို့မဟုတ် မင်းတပ်မြို့သို့)
၉:၁၅	မင်္ဂလာပန်းစံပယ်၏ ဒိုင်ယာရီ
၉:၃၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၀:၀၅	Music Talk (ဝိစိတြ)
၁၀:၂၀	လုပချစ်စရာ အိမ်တွင်းမှုပညာ (Tissue အိတ်နှင့် ရေဘူးစွပ် ပြုလုပ်နည်း)
၁၀:၄၅	Say it in English
၁၁:၀၀	သွားမယ်၊ စားမယ် (Black Canyon Cafe)
၁၁:၁၅	ဆီးချိုသွေးချိုကာကွယ်ပါ အကယ်ဒမီထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး [ဒါရိုက်တာ-တင်အောင်ရွှေ(သုတေသီ)]
၁၁:၅၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၂:၀၅	ငွေချည်(၆)ချည်မျှင်ရှည်ဝါ တိုးကာစိုက်ပျိုးပါ
၁၂:၃၀	The Sand is a Predaror (Part 2)
၁:၀၀	နှစ်ဦးကာလမင်္ဂလာဆောင် တရားတော် (အရှင်နန္ဒမာလာဘိဝံသ)
၁:၄၅	ပြည်သူပျိုးသည့် လူငယ်ဖွံ့ဖြိုးရေးစခန်း ရွှေဘိုမြို့
၂:၀၀	Fashion Music Festival
၂:၃၅	မြန်မာ့လက်မှု ယွန်းအနုပညာ
၃:၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၃:၃၅	Breaking into a Run to Happiness
၄:၁၅	(NANDAWUN Gems & Crafts Myanmar Book Centre Book Shop)
၄:၃၀	The Game Guide (War Craft III)
၅:၀၀	Activities in the City (၁/၈၄ ရုပ်ရှင်ဒါရိုက်တာသင်တန်း ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲ)
၅:၄၀	Funniest Animals 03
၆:၀၀	MRTV-4 ညနေခင်းသတင်း
၆:၁၅	လွင်မိုးခရီးသွားနေသည် (ကျားထိုရွာကို နှုတ်ဆက်ခြင်း သို့မဟုတ် မင်းတပ်မြို့သို့)
၆:၄၅	Fashion Music Festival
၇:၂၀	လရောင်အေးထဲက လေးနက်သော အိပ်မက်များ
၇:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၀၀	MRTV-4 သတင်း
၈:၁၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ နတ်မိမယ်များ
၈:၅၀	အရွယ်တင်နုပျို ကျန်းမာစေသော Antioxidant
၉:၀၀	Funniest Animals 03
၉:၃၀	ရတနာသိုက်ရှာပုံတော် (အပိုင်း-၈)
၁၀:၀၀	ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၏ လေ့လာမှုနည်းပညာ
၁၀:၁၅	လေ့လာကြမယ် ရှမ်းရိုးရာအထည်
၁၀:၃၀	Arsenal Vs Chelsea
၁၂:၁၅	Breaking into a Run to Happiness
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၃) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	Aston Villa-West Ham	ESPN (Live)
	Stoke City-Blackburn	STAR SPORTS (Live)
၁၁:၀၀	Portsmouth -Bolton	ESPN (SDD)

FA Cup Semi Final ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀:၃၀	Arsenal - Chelsea	STAR SPORTS (Live)

မြဝတီရုပ်မြင်သံကြား

၁၈-၄-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၁၅)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃:၅၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၃၉)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မြတ်ဘုရားဒေသနာ ဝိပဿနာတရားတော် သမ္မာဒိဋ္ဌိငါးမျိုး
၅:၀၀	၄။	မျိုးချစ်တပ်မတော်
၅:၁၀	၅။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၄၀	၆။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။	နိုင်ငံတကာသတင်း
၆:၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၀။	လျှပ်တစ်ပြက်
၆:၄၀	၁၁။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနဲ့ ပန်းနှင်းဆီ** (အပိုင်း-၉)
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	မိုးလေဝသသတင်း
	၁၅။	အမျိုးသားရေးတေးကဗျာ
	၁၆။	လူရွှင်တော်ရွှေဖလား
	၁၇။	အင်္ဂလိပ်စာသုတ (English Usage)
	၁၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိတ်မုန့်ချစ်သူ** (အပိုင်း-၁၆) ဇာတ်သိမ်း

သံလွင်မြစ်အတွင်း ငါး/ပုစွန်သားပေါက်များ မျိုးစိုက်ထည့်

ရန်ကုန် ဧပြီ ၁၇

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ရေထွက်ပစ္စည်းသယံဇာတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငါး/ပုစွန်သားပေါက်များ မျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဧပြီ၄ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ သံလွင်မြစ်ကမ်း ခေါင်းဆေး ကျွန်းရေဆိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်း**(အပေါ်ပုံ)**နှင့် ပြည်နယ်အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်၊ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး သံလွင်မြစ်အတွင်း ရေချိုပုစွန်သားပေါက်ကောင်ရေတစ်သိန်းနှင့် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊တီလားပီးယား၊ ငါးခုံးမသားပေါက်ကောင်ရေ နှစ်သိန်းတို့ကို မျိုးစိုက်ထည့်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမက(၉)ပခုက္ကူ၌ အာစရိယပူဇော်ပွဲ ကျင်းပ

ပခုက္ကူ ဧပြီ ၁၇

ပခုက္ကူမြို့ အမှတ်(၁၅) ရပ်ကွက် (မြစ်ကိုင်းရပ်) အခြေခံပညာ မူလတန်းကျောင်း အမှတ်(၉)၏ ကျောင်းခန်းမတွင် မတ် ၂၇ရက် နံနက် ၈ နာရီက သက်ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား နဝမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲ ကျင်းပရာ ကျောင်းသားဟောင်း ဦးသိန်းထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အသက်အကြီးဆုံး ဆရာမကြီး ဒေါ်ကြင်ဆိုင်အား ကန်တော့ပွဲပေးအပ် ပူဇော်ကန်တော့ကြသည်။ **(ယာပုံ)**

ယင်းနောက် ကန်တော့ခံဆရာကြီး ဆရာမကြီး၁၃ဦးတို့အားတစ်ဦးလျှင်ငွေကျပ် တစ်သောင်းစီနှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြပြီး ကွယ်လွန်ပြီးဆရာကြီး ဆရာမကြီးများအား ပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့မှ လှူဒါန်းမှု ကုသိုလ်အဖို့ဘာဂကို အမျှအတန်း ပေးဝေကြကာ ဆရာကြီး ဆရာမကြီးများ၏ ဩဝါဒကို ခံယူကြသည်။ **(ဝ၇ဝ)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဧပြီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧပြီ ၁၀ ရက် ည ၉ နာရီက ထိုင်းနိုင်ငံ ပတ္တရားမြို့ Royal Wing Suites & Spa ရှိ Residential Suit သို့ သွားရောက်၍ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ်အာရိုယိုအား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါပါကဲလ်အာရိုယိုနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Alberto Romulo၊ စီးပွားရေးရာဝန်ကြီးH.E.Mr.Peta Fevilaနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

မှ ထွက်ခွာလာခဲ့ရာ ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး ဧပြီ ၁၂ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဧပြီ ၁၀ ရက် နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ ပတ္တရားမြို့ရှိ Royal Cliff Beach Resort Hotel ၌ကျင်းပသည့် ပထမအကြိမ် အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးသည် ASEAN Charter အရ ရေးဆွဲပေါ်ပေါက်လာသော tel ရှိ Orchid Ballroom ၌ကျင်းပခဲ့ရာ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းတက်ရောက်ခဲ့သည်။

ကျင်းပရန်စီစဉ်

အဆိုပါအစည်းအဝေးတွင် အဓိကအားဖြင့် ဧပြီ ၁၁ ရက်မှ ၁၂ရက်အထိ ကျင်းပမည့် ဆက်စပ်ထိပ်သီး အစည်းအဝေးများအတွက် ကြိုတင် ပြင်ဆင်မှုများ၊ ASEAN Charter အကောင်အထည်ဖော်မှုအခြေအနေများနှင့် ASEAN -ROK အထိမ်းအမှတ် ထိပ်သီး အစည်းအဝေး ကျင်းပရန် စီစဉ်ထားရှိမှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

ဧပြီ ၁၁ရက် နံနက် ၁၁ နာရီခွဲတွင် အိမ်ရှင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအပီဆစ်ဝဲ့ချာချီဝသည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား ထိုင်းနိုင်ငံ ပတ္တရားမြို့ Royal Cliff Grand & Spa Hotel ဒုတိယထပ်ရှိ Grand Ballroom သို့ ဖိတ်ကြားတွေ့ဆုံပြီး ထိုင်းနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသည့် ပြည်တွင်းရေးအခြေအနေကြောင့် ကျင်းပရန် ကျန်ရှိနေသေးသည့် အာဆီယံဆက်စပ် ထိပ်သီးအစည်းအဝေးများကို သင့်လျော်သည့်အချိန်၌ ကျင်းပနိုင်ရန် ရွှေ့ဆိုင်းလိုက်ရပါကြောင်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၏ အပြန်ခရီးစဉ် လုံခြုံချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် သက်ဆိုင်ရာ နိုင်ငံများသို့ ထိုင်းနိုင်ငံ ပတ္တရားမြို့မှ ညနေပိုင်းတွင် အထူးလေယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝက အူတာပါအိုလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပြန်လည်ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၁၁ရက် ဒေသစံတော်ချိန် ညနေ ၅နာရီ မိနစ် ၄၀တွင် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံ ပတ္တရားမြို့

အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း အခြေပြမြေပုံ အကောင်အထည်ဖော်ရေးအတွက် ပထမဦးဆုံးအကြိမ်ကျင်းပသော ကောင်စီအစည်းအဝေးဖြစ်သည်။ အဓိကအားဖြင့် အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်းကောင်စီနှင့် သက်ဆိုင်သော ကဏ္ဍခွဲ အသီးသီး၏ ဆောင်ရွက်မှုအခြေအနေများ၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းကောင်စီ အခြေပြမြေပုံ အကောင်အထည်ဖော်မှု အခြေအနေများဖြစ်သည့် ကဏ္ဍအသီးသီး ခွဲဝေတာဝန်ချထားမှုဇယား၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း လုပ်ထုံးလုပ်နည်းမူကြမ်း ရေးဆွဲရေးနှင့် ဆက်သွယ်ညှိနှိုင်းရေး စီမံချက်မူကြမ်းများကို ဆွေးနွေးခဲ့ကြသည်။

လုပ်ပိုင်ခွင့်များ သတ်မှတ်ရေး

ဆက်လက်၍ အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများက အရှေ့တောင်အာရှ အဏုမြူလက်နက်ကင်းမဲ့ရေးဇုန် သဘောတူစာချုပ်သို့ အဏုမြူလက်နက်အင်အားကြီးနိုင်ငံများ ပါဝင်ချုပ်ဆိုရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန်၊ အာဆီယံဗဟိုအချက်အချာကျမှု ပိုမိုခိုင်မာစေရေး၊ အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း အကောင်အထည်ဖော်မှုများ စောင့်ကြည့်လေ့လာရေး အစီအစဉ် ဆောင်ရွက်ရေး၊ ဦးစားပေးကဏ္ဍများ သတ်မှတ်ရေးနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ခန့်အပ်သည့် အမြဲတမ်းကိုယ်စားလှယ်များ၏ လုပ်ထုံးလုပ်နည်းနှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ရေးတို့အပေါ် ဆွေးနွေးခဲ့ကြသည်။

တက်ရောက်ခဲ့

ထို့နောက် တတိယအကြိမ် အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီ အစည်းအဝေးကို ဧပြီ ၁၀ရက် နံနက် ၁၀နာရီ ၄၅မိနစ်တွင် Royal Cliff Grand & Spa Hotel ရှိ Orchid Ballroom ၌ကျင်းပခဲ့ရာ ...

ယင်းနောက် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ၏ နေ့လယ်စာစားပွဲကိုမွန်းတည့် ၁၂နာရီတွင် Royal Cliff Grand & Spa Hotel ရှိ Chrysanthemum Palace စားသောက်ဆိုင်၌ ကျင်းပရာ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းလည်း ပါဝင်တက်ရောက်ခဲ့သည်။

ဆွေးနွေးခဲ့

နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများကို အလွတ်သဘော ဆွေးနွေးခဲ့ကြရာတွင် မြောက်ကိုရီးယားဒုံးပျံလွှတ်တင်မှုနှင့် ကမ္ဘာ့ငွေကြေးပြဿနာတို့အပေါ် စိုးရိမ်မကင်းမှုနှင့် ဖြေရှင်း ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၏ ဆက်စပ်ထိပ်သီး အစည်းအဝေးများ ကျင်းပနေစဉ်ကာလဖြစ်သော ဧပြီ ၁၀ရက် ညနေ ၆ နာရီတွင် Pattaya Royal Cliff Grand & Spa Hotel ရှိ Conference Room ၌ ဆေးဝါးထုတ်လုပ်သူများအနေဖြင့် ကောင်းမွန်သည့် ဆေးဝါးထုတ်လုပ်မှု နည်းလမ်းများ သုံးစွဲခြင်းကိုစစ်ဆေးရန် အာဆီယံ ကဏ္ဍအလိုက် အသိအမှတ်ပြုရေး အစီအစဉ် [ASEAN Sectoral Mutual Recognition Arrangement for Good Manufacturing Practice (GMP) for Inspection of Manufacturers of Medicinal Products]ကို အာဆီယံ စီးပွားရေး ဝန်ကြီးများနှင့်အတူ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ပတ္တရားမြို့ Royal Wing Suites & Spa ရှိ Residential Suit ၌ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ် အာရိုယိုအား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ပတ္တရားမြို့သို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ပတ္တရားမြို့၌ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ (၇) ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေး၊ (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ်မြောက် အာဆီယံ- ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဧပြီ ၁၀ရက် နံနက် ၁၀နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီ မိနစ် ၅၀ တွင် ထိုင်းနိုင်ငံ ပတ္တရားမြို့ရှိ အူတာပါအို (U-Tapao)လေဆိပ်သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်းနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Somsakdi Suriyawongse တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုပန်းကုံး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာရာ လေယာဉ်လှေကားထိပ်မှ ထိုင်းနိုင်ငံ ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီး Mr. Chavaral Charnvirakul က ကြိုဆိုနှုတ်ဆက်ပြီး**(အောက်ပုံ)** ဂုဏ်ပြုပန်းကုံး ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံ Rayong ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Sayumporn Limthai၊ Sattahip ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး Supakorn Buranadilok နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးယာဉ်တန်းဖြင့် ခေတ္တတည်းခိုမည့် ပတ္တရားမြို့ရှိ Royal Cliff Beach Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ဟန်ပူမြစ်၌ ၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာရေယာဉ်ပြပွဲတွင် ပါဝင်ပြသထားသည့် သင်္ဘောငယ်တစ်စင်းကို ဧပြီ ၁၇ ရက်က ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

တရုတ် - ကာဇက်စတန် နှစ်နိုင်ငံခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်မှု စာချုပ်များလက်မှတ်ရေးထိုး

ပေကျင်း ဧပြီ ၁၇

တရုတ်သမ္မတဟူကျင်တောင်နှင့် တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ကာဇက်စတန်သမ္မတ နာဇာဘာယက်ဗ်တို့ ပေကျင်းမြို့တွင် ဧပြီ၁၇ရက်က တွေ့ဆုံကာ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးကြသည်။

တရုတ်နှင့် ကာဇက်စတန် နှစ်နိုင်ငံတို့အနေဖြင့် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန်နှင့် နိုင်ငံတကာကိစ္စရပ်များနှင့် ပတ်သက်ပြီး အတူတကွလက်တွဲဖြေရှင်းကြရန်လည်း ဆွေးနွေးသဘောတူညီကြသည်။

လက်မှတ်ရေးထိုး

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူစာချုပ် ၁၀ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးကိစ္စရပ်များအပေါ် ပိုမိုအလေးထားဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံရေးရာများတွင် အဆင့်မြင့် ဆက်သွယ်မှုများလုပ်ဆောင်သွားရန် တရုတ်သမ္မတဟူကျင်တောင်နှင့် ကာဇက်စတန်သမ္မတနာဇာဘာယက်ဗ်တို့ ဆွေးနွေး သဘောတူညီခဲ့ကြသည်။ (အင်တာနက်)

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတစ်ဦး ဆေးဝါးကုသမှုခံယူနေသည်ကို ဧပြီ ၁၇ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တီအန်ကျင်းဒေသ၌ လေပြင်းတိုက်ခတ် သင်္ဘောနှစ်စင်းတိုက်မှုဖြစ်ပွား

တီအန်ကျင်း ဧပြီ ၁၇

တရုတ်နိုင်ငံမြောက်ပိုင်း တီအန်ကျင်းမြူနီစီပယ်ဒေသ၌ ဧပြီ ၁၅ရက် နံနက်ပိုင်းက ကမ်းလွန်ရေနံတူးဖော်ရေး လုပ်ငန်းမှ ထွက်ခွာလာသည့် သင်္ဘောသည် ရုတ်တရက် လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့ရာမှ ရေကာတာအား တိုက်မိပြီးခဲ့ပြီးနောက် အနီးရှိ သင်္ဘောတစ်စင်းအား အရှိန်ဖြင့်ထပ်မံတိုက်ခဲ့ကြောင်း သင်္ဘောသားခုနှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း တန်ကျင်း ရေကြောင်းစီမံအုပ်ချုပ်မှုဌာနက သတင်းထုတ်ပြန်သည်။

ကယ်တင်နိုင်

ယင်းသင်္ဘောပေါ်၌ သင်္ဘောသား ၃၇ ဦးတင်ဆောင်ခဲ့ရာမှ ကယ်ဆယ်ရေး ရဟတ်ယာဉ်ဖြင့် သင်္ဘောသား ၂၂ ဦးအား ကယ်တင်နိုင်ခဲ့ပြီး ရှစ်ဦးအား ရေယာဉ်များဖြင့် ကယ်ဆယ်ခဲ့ရာ သင်္ဘောသားခုနစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ကယ်ဆယ်ရရှိသူများမှာ ဒဏ်ရာပြင်းထန်စွာမရရှိခဲ့ကြောင်း၊ ဆက်လက်၍ ကမ်းရိုးတန်းတစ်လျှောက် ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ (အင်တာနက်)

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ

ကဘူးလ် ဧပြီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဧပြီ ၁၇ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ဒဏ်ရာရရှိ

အခင်းဖြစ်ပွားမှုမှာ ကန်ဒါဟာပြည်နယ် အယ်ဟိုင်ဗာရာအရပ်တွင် ရဲတပ်ဖွဲ့ဝင်များစီးနင်းလာသော မော်တော်ယာဉ်အား လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကာ လေးဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိခဲ့သူနှစ်ဦးမှာ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ဆူမားတြားတောင်ပိုင်း၌ ငလျင်လှုပ်

ဂျကာတာ ဧပြီ ၁၇

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းတောင်ပိုင်း၌ ဧပြီ၁၆ရက် နံနက် ၄နာရီ ၇မိနစ်တွင် အင်အား ၅ ဒသမ ၅အဆင့်ရှိငလျင် လှုပ်သွားခဲ့ကြောင်း ဟောင်ကောင်မြေငလျင် စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

လှုပ်သွားခဲ့

ငလျင်မှာ တောင်လတ္တီတွဒ် ၃ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၀၀ဒသမ ၂ဒီဂရီရှိ အင်ဒိုနီးရှားနိုင်ငံအတွင်း လှုပ်သွားခဲ့ခြင်းဖြစ်သည်။ ထိခိုက်ဒဏ်ရာရမှုနှင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ (အင်တာနက်)

အာဖဂန်နစ္စတန်၌ ငလျင်နှစ်ကြိမ်လှုပ် ၂၅ဦးသေဆုံး၊ နေအိမ်၂၀၀ကျော် ပျက်စီး

ကဘူးလ် ဧပြီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် ဧပြီ ၁၆ရက်က ငလျင်နှစ်ကြိမ်လှုပ်ခတ်ခဲ့ရာ ၂၅ဦးသေဆုံးပြီး နေအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။ (အောက်ပုံ)

ပြောကြား

ငလျင်လှုပ်မှုများမှာ ကဘူးလ်မြို့တော်အရှေ့ဘက် ကီလိုမီတာ ၉၀အကွာ၌ ဖြစ်ပွားခဲ့ကြောင်း၊ ၂၅ ဦးသေဆုံးကာ ၃၀ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ နေအိမ် ၂၀၀ကျော်လည်း ပျက်စီးသွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ အာမတ်ဇီအဗ္ဗဒူဇာက ပြောကြားသည်။

ဗဟိုပြု

ငလျင်နှစ်ခုမှာ နာရီအနည်းငယ်သာကွာ၍ လှုပ်သွားခဲ့ခြင်းဖြစ်သည်။ ပထမငလျင်မှာ အင်အား ၅ဒသမ ၅အဆင့်ရှိကာ အာဖဂန်နှင့် ပါကစ္စတန်နယ်စပ်အနီး ဟင်ဒူကတ်ရှ်နယ်စပ်၌ ယမန်နေ့နံနက် ၁ နာရီ ၅၇မိနစ်က မြေအောက်ရှစ်ကီလိုမီတာအကွာကို ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။

ထပ်မံလှုပ်

ယင်းငလျင်လှုပ်ပြီး နှစ်နာရီခန့်အကြာတွင် နောက်ဆက်တွဲငလျင်အဖြစ် မြေအောက်သုံးကီလိုမီတာအကွာကို ဗဟိုပြု၍ အင်အား ၅ဒသမ၁အဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်သွားခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

အမေရိကန်သင်္ဘောကပ္ပတိန် ပင်လယ်ဓားပြများလက်မှ လွတ်မြောက်လာ

မွမ်ဘာဆာ ဧပြီ ၁၇

ပြီးခဲ့သည့်ရက်အနည်းငယ်က ဆိုမာလီကမ်းရိုးတန်းတွင် ပင်လယ်ဓားပြများ ဖမ်းဆီးခြင်းခံခဲ့ရသည့် အမေရိကန်သင်္ဘောကပ္ပတိန်မှာ ကင်ညာနိုင်ငံ မွမ်ဘာဆာဆိပ်ကမ်းသို့ ဧပြီ ၁၅ရက်က ဘေးကင်းစွာ ရောက်ရှိလာပြီ ဖြစ်သည်။

ကယ်တင်

အမေရိကန် ယူအက်စ်အက်စ်ဘရိန်းဘရေ့ချ်စစ်သင်္ဘောမှ လက်ဖြောင့်တပ်သားများက ပင်လယ်ဓားပြများအား ပစ်ခတ်ခဲ့ပြီး ကပ္ပတိန် ရစ်ချက်ဖီးလစ်ကို ကယ်တင်လာခဲ့ခြင်း ဖြစ်သည်။

အမေရိကန်သင်္ဘောပြန်ပေးဆွဲခံရချိန်တွင် သူ၏သင်္ဘောသားများလွတ်မြောက်နိုင်ရန်အတွက် ပင်လယ် ဓားပြများထံ ဓားစာခံအဖြစ် ၎င်းကိုယ်တိုင် ဖမ်းဆီးခံခဲ့ခြင်းဖြစ်သည်။

ပြန်ပေးဆွဲ

လက်ရှိတွင် ဆိုမာလီ ရေပိုင်နက်အတွင်း ပင်လယ်ဓားပြအဖွဲ့များက သင်္ဘော ၁၆စင်းနှင့် သင်္ဘောသား ၂၅၀ကျော်ကို ပြန်ပေးဆွဲထားလျက်ရှိသည်။

ရေကြောင်းကင်းလှည့်

ဆိုမာလီ ကမ်းခြေ တစ်လျှောက်ရှိ ပင်လယ်ဓားပြများကို နှိမ်နင်းနိုင်ရန်အတွက် အမေရိကန်၊ တရုတ်နှင့် အခြားနိုင်ငံများမှ စစ်သင်္ဘောများမှာ ရေကြောင်းကင်းလှည့်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (အင်တာနက်)

ကန်ဒါဟာပြည်နယ်၌ အကြမ်းဖက်သမားဟု သံသယရှိသူနှစ်ဦးဖမ်းမိ

ကဘူးလ် ဧပြီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၌ တာလီဘန် စစ်သွေးကြွများ ခိုအောင်းရာဒေသ၌ အကြမ်းဖက်လက်နက်ကိုင်ဟု သံသယရှိသူနှစ်ဦးအား အာဖဂန်နစ္စတန်တပ်ဖွဲ့မှ ဖမ်းဆီးထားရှိကြောင်း ဧပြီ ၁၆ရက်တွင် ပြည်ထဲရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယခင်ရက်သတ္တပတ်က ၎င်းပြည်နယ် လမ်းမပေါ်တွင် ဖြတ်သန်းမောင်းနှင်လာသည့် ကားမှ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ၎င်းတိုက်ခိုက်သူနှစ်ဦးမှာ အမျိုးသမီးများဖြစ်သည်ဟု အဆိုပါ သတင်း၌ ဖော်ပြသည်။ (အင်တာနက်)

မွမ်ဘိုင်း သေနတ်သမားအတွက် ရှေ့နေအစားထိုးနိုင်ပြီဖြစ်

မွမ်ဘိုင်း ဧပြီ ၁၇

သုံးရက်ကြာ မွမ်ဘိုင်းမြို့ အကြမ်းဖက်တိုက်ခိုက်မှုတွင် သေနတ်သမား ၁၀ဦးအနက် အသက်မသေတစ်ဦးတည်း ကျန်ရစ်သူ မိုဟာမက်ကာဆက် (၂၁နှစ်)၏ အမှုတွင် လိုက်ပါဆောင်ရွက်မည့် ရှေ့နေကို အစားထိုးရရှိသွားပြီဖြစ်ကြောင်း အာဏာပိုင်များက ဧပြီ ၁၆ရက်၌ ကြေညာသည်။

စစ်ဆေး

မိုဟာမက်ကာဆက်၏ ပထမရှေ့နေမှာ ထိုအမှု၌ အခြားသောသက်သေတစ်ဦး၏ရှေ့နေအဖြစ် လိုက်ပါသည့်အတွက် တရားရုံးက ပထမရှေ့နေကို ပယ်ချခဲ့သည်။ ၎င်း၏ ဒုတိယရှေ့နေ အဘတ်ကာမီမှာလည်း အိန္ဒိယနိုင်ငံသား ရှေ့နေတစ်ဦးဖြစ်ပြီး အမှုကို ဆက်လက်စစ်ဆေးမည်ဟု သိရသည်။ (အင်တာနက်)

18-4 (04).pmd 1 4/18/2009, 3:24 AM

မြန်မာနှစ်ဆန်းတစ်ရက်နေ့က နေပြည်တော်၌ တည်ထားကိုးကွယ်လျက်ရှိသော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလုပ်သဘောညစာစားပွဲသို့ တက်ရောက်

နေပြည်တော် ဧပြီ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧပြီ ၁၀ရက် ညနေ ၆နာရီခွဲက ထိုင်းနိုင်ငံ ပတ္တရားမြို့ Royal Cliff Beach Hotel ရှိ Panorama Seaview ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်ထွန်းဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာဂါပါကဲလ် အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ ချာချီဝ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်တို့ တက်ရောက်ကြသည်။

အဆိုပါ ညစာစားပွဲတွင် အာဆီယံနိုင်ငံများ၏ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ဒေသတွင်းနှင့် နိုင်ငံတကာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အိမ်ရှင်ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ ချာချီဝက ထိုင်းနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး အခြေအနေနှင့် G-20 ထိပ်သီးအစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်က အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ၏ အစည်းအဝေး ရလဒ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က ဧပြီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပမည့် အာဆီယံ ဆက်စပ်ထိပ်သီး အစည်းအဝေးများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး အလုပ်သဘောညစာစားပွဲကို ည ၉ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနှစ်ဆန်းတစ်ရက်

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် အထူးစည်ကား

နေပြည်တော် ဧပြီ ၁၇

ယနေ့သည် ဧပြီ ၁၇ရက် မြန်မာနှစ် ကောဇာသက္ကရာဇ် ၁၃၇၁ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာအခါသမယဖြစ်သည်။ အေးမြကြည်လင်သော အတာသင်္ကြန်ရေဖြင့် နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်ရှင်း စင်ကြယ်စေပြီး နှစ်သစ်မင်္ဂလာ ရောက်ချိန်တွင် မြန်မာတိုင်းရင်းသား ပြည်သူတို့သည် ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးများသို့ သွားရောက်၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဘာဝနာတရားပွားများ အားထုတ်ခြင်း၊ အလှူဒါနပြုခြင်း၊ တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း၊ ဇီဝိတဒါနပြုခြင်း ကောင်းမှုကုသိုလ်အစုစုတို့ကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာမပျက် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

အထူးစည်ကား

ထိုသို့ ကုသိုလ်ပွားများရာ၌ နံနက်ပိုင်းတွင် နေပြည်တော်၌ တည်ထားကိုးကွယ်လျက်ရှိသော ဥပ္ပါတသန္တိ စေတီတော်ကြီးတွင် ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်းတို့ဖြင့် ဘုရားရင်ပြင်တော်နှင့် စေတီတော်ကြီး၏ လိုဏ်တော်အတွင်းတို့၌ ဘုရားဖူးလာ ပြည်သူများဖြင့် အထူး စည်ကားလျက်ရှိသည်။

ထို့အတူ နေပြည်တော်ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီ၊ နေပြည်တော် ဇေယျာသိဒ္ဓိရပ်ကွက်ရှိ အကျွတ်အလွတ်နန်းဦးအောင်စေတီ၊ နန်းဦးစေတီနှင့် တံတိုင်းရစေတီတော်တို့၌ ဘုရားဖူးလာ ပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ခြင်း၊ ဂြိုဟ်တိုင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ် ကောင်းမှုပြုခြင်း၊ စေတီတော်ရင်ပြင်တော်များ၌ သန့်ရှင်းရေး ဝေယျာဝစ္စ ဆောင်ရွက်ခြင်း စသည့် ကုသိုလ်ကောင်းမှုမင်္ဂလာများကို ပြုလုပ်ကြသည်။

နေပြည်တော်ပျဉ်းမနား

အလားတူ နေပြည်တော် ပျဉ်းမနားရှိ ဘုရားကိုးဆူ စေတီတော်မြတ်နှင့် ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီးတို့၌လည်း ဘုရားဖူးလာပြည်သူများက နှစ်သစ်မင်္ဂလာကောင်းမှုကုသိုလ်များ ပြုလုပ်၍ တရားဘာဝနာပွားများ အားထုတ်ကြသည်။

ညနေပိုင်းတွင် နေပြည်တော် ပျဉ်းမနား ရပ်ကွက်အတွင်းရှိ လမ်းအသီးသီးတို့၌ ဆရာတော် သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်နှင့်ကမ္မဝါစာများ နာယူကြရာ နေပြည်တော် တစ်ဝန်းလုံး၌ ကုသိုလ်ပြုသူများ၊ ကုသိုလ်ပြုသံများဖြင့် ဝေဆာလျက်ရှိသည်။

ရန်ကုန်မြို့

အလားတူ ယနေ့နှစ်သစ်အခါသမယ မြန်မာနှစ်ဆန်း တစ်ရက်တွင် ရန်ကုန်မြို့ရှိ ဘုရားပုထိုး စေတီကျောင်းကန်များ၊ ဓမ္မာရုံများ၌ ဒါန၊ သီလ၊ ဘာဝနာပွားများကြခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် ပူဇော်ကြခြင်း၊ စတုဒိသာ ကျွေးမွေး လှူဒါန်းခြင်း၊ ဇီဝိတဒါန ပါရမီအဖြစ် သွေးလှူဒါန်းခြင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် လမ်းများ၊ နေအိမ်များ၌ နှစ်သစ်မင်္ဂလာ အခါတော်ပွဲများ ပြုလုပ်ခြင်း၊ သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ပရိတ်တရားတော်များနှင့် အန္တရာယ်ကင်း ကမ္မဝါဖတ်ပွဲများ ကျင်းပခြင်း၊ အသက်ဂုဏ်ဝါကြီးသူဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု ပြုစုပေးခြင်းများဖြင့် ကုသိုလ်ယူကြခြင်း၊ ကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကား လျက်ရှိသည်ကိုတွေ့ရှိရသည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ နှစ်သစ်မင်္ဂလာအခမ်းအနားကို ဘာသာရေး ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူ များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ဇီဝိတဒါန ဘေးမဲ့ လွှတ်ပွဲကိုလည်း ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်၌ကျင်းပရာ နံနက်အရုဏ်တက်မှစတင်၍ ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက် ရှိသည်။

ဗိုလ်တထောင်စေတီ

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာ ပြည်သူများက စေတီတော်ကြီးနှင့် ဆံတော်တိုက်၊ နန်းဦးတန်ဆောင်းအတွင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာရည်များဖြင့် ပူဇော်ကန်တော့ကြပြီး စည်ကားလျက်ရှိသည်။

ဆူးလေစေတီတော်တွင် ဘုရားဖူးလာပြည်သူများသည် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ဖြင့် ပူဇော်ကန်တော့ကြသည့်အပြင် နံ့သာရည်များဖြင့်လည်း ပက်ဖျန်းပူဇော်ကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရွှေတိဂုံ စေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကား နေစဉ်။ (သတင်းစဉ်)

ဓမ္မရက္ခိတကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်ထားသည့် မဟာဝိဇယစေတီတော်ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဘာနုရာဇာနေမင်းသည် ယနေ့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် ဦးခိုက်ပူဇော်ရာ ဘုရားဖူးလာပြည်သူများက လာရောက်ဖူးမြော် ကြည်ညိုကြပြီး အထူးစည်ကားလျက်ရှိသည်။

ကမ္ဘာအေးစေတီ

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး၍ နှစ်သစ်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ အလှည့်ကျ သဘာပတိဦးသိန်းဦးက နှစ်သစ် မင်္ဂလာ အခါတော်နေ့အကြောင်း ဓမ္မပူဇာ မင်္ဂလာ ထောပနာ စကားပြောကြားပြီး မင်္ဂလသုတ်ကို စုပေါင်းရွတ်ဆို ပူဇော်ကြသည်။

ထို့အပြင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော်၌ ဘုရားဖူးလာပြည်သူများက ငှက်များအား ဇီဝိတဒါန ဘေးမဲ့လွှတ်သူ များဖြင့် စည်ကားလျက်ရှိသည်။

မင်းဓမ္မကုန်းတော်၌ တည်ထား ကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၌လည်း ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကား များပြားလှသည်။

စွယ်တော်မြတ်စေတီ

ဝရဒါဠာစေတိယ စွယ်တော်မြတ် စေတီတော်(ရန်ကုန်)၌ ဘုရားဖူးလာ ပြည်သူများ၊ ဇီဝိတဒါန ငါးဘေးမဲ့လွှတ်သူ များဖြင့် အထူးစည်ကားလျက်ရှိသည်။

ရွှေဘုန်းပွင့်စေတီ

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့် စေတီတော်၌ နံနက်ပိုင်းတွင် အဘိုး၊ အဘွား ၂၇ ဦးတို့အား စုပေါင်း ကန်တော့ကြပြီး ညနေပိုင်းတွင် ဂေါပကအဖွဲ့က ကြီးမှူး၍ စာကလေးငှက်ကောင်ရေ ၂၀၀၀ ကျော်တို့အား ဇီဝိတဒါန ဘေးမဲ့လွှတ်ပွဲကျင်းပရာ ဇီဝိတဒါန ဘေးမဲ့လွှတ်သူများ၊ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

(၃၆)ကြိမ်မြောက် မွန်သက်ကြီး ပူဇော်ပွဲနှင့် (၆)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပရာ အသက် ၇၅ နှစ်နှင့်အထက် အဘိုး၊ အဘွား ၇၃ ဦးတို့အား ပူဇော်ကန်တော့ကြပြီး ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါတော်နေ့တွင် မန္တလေးမြို့ပေါ်၌ နံနက် အရုဏ်တက်ချိန်မှ စတင်၍ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီတော်များ၌လည်းကောင်း၊ မြို့နယ်၊ ရပ်ကွက်လမ်းများနှင့် ဌာနဆိုင်ရာရုံးများ၌ လည်းကောင်း၊ နှစ်သစ်မင်္ဂလာ အခါတော်

စာမျက်နှာ ၉ ကော်လံ ၃ သို့



မြန်မာနှစ်ဆန်းတစ်ရက်နေ့က မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ပြည်သူများ ရွှေသင်္ကန်းကပ်လှူပြီး ကြည်ညိုကြစဉ်။ (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

အဆိုပါအခမ်းအနားသို့ ပြင်ဦးလွင် မြို့နယ်ရှိ ကျောင်းတိုက်များမှ ဆရာတော်၊သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်းနှင့် ရေချမ်းတို့ဖြင့်ဆက်ကပ်၍ ဖူးမြော်ကန်တော့ကြသည်။

ထို့နောက် အခမ်းအနားကို ကျင်းပရာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ကိုးပါးသီလခံယူဆောက်တည်

ယင်းနောက် မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (၄က်တွင်း)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဂန္ဓကုဋိတိုက်တော်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ အဘယဒါန ဇီဝိတဒါနအဖြစ် ချိုး၊ ကြက်တူရွေး၊ ခို၊ စာကလေးတို့ကို လွှတ်၍ ကုသိုလ်ပြုကြစဉ်။ (သတင်းစဉ်)

စတုဘုမ္မိကမဂ္ဂင်ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တဝိဇယထံမှဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများသည် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ဝန်ကြီးများနှင့်တာဝန်ရှိပုဂ္ဂိုလ်များသည် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိသားစုများသည် သာသနာ့နွယ်ဝင် သီလရှင်များကိုယ်စား ဇယန်းကျောင်း သီလရှင်စာသင်တိုက်မှ သီလရှင်ကြီး မဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ပညာစာရီ အမှူးပြုသော သီလရှင်များအား ဆန်၊ ဆီ၊ သီလရှင်ဝတ်စုံများနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဝင် ကန်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိဿရထံမှ အနုမောဒနာနှင့် ရေစက်ချတရားတော်တို့ကို နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် ဗုဒ္ဓသာသန် စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့်ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဂန္ဓကုဋိတိုက်တော်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဝင် ကန်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိဿရထံမှ အနုမောဒနာနှင့် ရေစက်ချတရားတော်တို့ကို နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

စာမျက်နှာ ၇ ကော်လံ ၆ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

၁၇-၄-၂၀၀၉

နေပြည်တော်	၀ ဒသမ ၁၁ လက်မ
နေပြည်တော်(သပြေကုန်း)	၁ ဒသမ ၂၂ လက်မ
ပြင်ဦးလွင်	၂ ဒသမ ၀၈ လက်မ
မောင်တော	၁ ဒသမ ၆၅ လက်မ
တံတားဦး	၁ ဒသမ ၄၆ လက်မ
မုဒုံ	၁ ဒသမ ၂၆ လက်မ
ကော့ကရိတ်	၁ ဒသမ ၀၆ လက်မ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်းနှင့် ရေချမ်းတို့ဖြင့် ဆက်ကပ်ပူဇော် ကန်တော့ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် ၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဂန္ဓကုဋိ တိုက်တော်၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ သွားရောက်ကြပြီး ကန်တော်ကြီး၌ အဘယဒါန ဇီဝိတဒါနအဖြစ် ငါးများနှင့် ချိုး၊ ကြက်တူရွေး၊ ခို၊ စာကလေးတို့ကို လွှတ်၍ ကုသိုလ်ပြုကြသည်။

ကုသိုလ်ဒါနပြု

ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များကလည်း ငါးများ လွှတ်၍ ကုသိုလ်ဒါနပြုကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏မိသားစုများ သာသနာ့နွယ်ဝင် သီလရှင်များကိုယ်စား ဇယန်းကျောင်း သီလရှင်စာသင်တိုက်မှ သီလရှင်ကြီး မဟာဂန္ထဝါစက ပဏ္ဍိတ ဒေါ်ပညာစာရီ အမှူးပြုသော သီလရှင်များအား ဆန်၊ ဆီ၊ သီလရှင်ဝတ်စုံများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

တက်ရောက်

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဆွေဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ကလောတပ်နယ်နှင့် ဗထူးတပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ညစာသုံးဆောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ မြဝတီတေးဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေး၊ ရွှေထီးတော်ကြံ့ခိုင်ရေးနှင့် ကိုယ်လုံးတော်ကြံ့ခိုင်ရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချ မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၇

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းကပ်လှူပူဇော်ရေး၊ ရွှေထီးတော်ကြံ့ခိုင်ရေးနှင့် ကိုယ်လုံးတော်ကြံ့ခိုင်ရေး လုပ်ငန်းများ အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာ တင်ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် ၆ နာရီတွင် စေတီတော်အထက်ပစ္စယာ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလဓောတိ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

လျှောက်ထား

ထို့နောက် ရေစက်ချမင်္ဂလာအခမ်းအနားကို စေတီတော်ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း လုပ်ငန်းအောင်မြင်ပြီးမြောက်မှုဆိုင်ရာ အနုမောဒနာစာတမ်းကို ရွှေတိဂုံစေတီတော် ထာဝရာဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက လျှောက်ထားသည်။ဆက်လက်၍ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ပရိသတ်တို့က နဝင်္ဂ သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်ကပ်လောင်းလှူ

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်တို့သည် ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသည့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။

(သတင်းစဉ်)

သင့် သွေးဖြင့် အသက်ကယ်ပါ။

ပလတ်စတစ်မီးအိမ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်ဆည်ဘိလပ်မြေစက်ရုံ ရှင်းလင်းခန်းမဆောင်အတွင်း ခင်းကျင်းစီစဉ် ပြသထားသည့် စွန့်ပစ်ပစ္စည်းများနှင့် ဓာတ်ခဲဟောင်းများကို ပေါင်းစပ်အသုံးပြု၍ LED မီးလုံးများဖြင့် မီးထွန်းနိုင်အောင်ပြုလုပ်ထားသော ပလတ်စတစ်မီးအိမ်များကို ကြည့်ရှုစစ်ဆေးအားပေးစဉ်။ (သတင်းစဉ်)



ဆင်မင်း ဘိလပ်မြေစက်ရုံ ကြည့်ရှုလေ့လာ

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်နှင့် အဖွဲ့ဝင်များ ဆင်မင်းဘိလပ်မြေစက်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

ကျောက်ဆည်စက်မှုနယ်မြေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မွန်းလွဲ ၁၂နာရီ မိနစ်၄၀တွင် ကျောက်ဆည်စက်မှုနယ်မြေသို့ ရောက်ရှိကြသည်။

ပြောင်းရွှေ့တည်ဆောက်

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ကျောက်ဆည်ဘိလပ်မြေစက်ရုံ ရှင်းလင်းခန်းမဆောင်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက ကျောက်ဆည်စက်မှုနယ်မြေတွင် တည်ဆောက်ပြီး စက်ရုံများဖြစ်သည့် ဘိလပ်မြေစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ သကြားလုံးစက်ရုံ၊ ဖိနပ်စက်ရုံ၊ အပ်ချုပ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ အဆင့်မြင့်မီးခံအုတ်စက်ရုံနှင့် ပလတ်စတစ်စက်ရုံတို့၏ နှစ်အလိုက် ကုန်ချောထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေ၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအခြေအနေတို့ကိုလည်းကောင်း၊ တည်ဆောက်ဆဲ မှန်စက်ရုံ စီမံကိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း၊ စက်ရုံများအလိုက် အရိပ်ရပင်၊ သီးပင်၊ စားပင်များ စိုက်ပျိုးမှုအခြေအနေတို့ကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် တောင်တော်ဒေသသို့ ပြောင်းရွှေ့တည်ဆောက်လျက်ရှိသည့် ပုဂ္ဂလိကဘိလပ်မြေစက်ရုံသုံးရုံ၏ အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

အလေးထားကြိုးစား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားလမ်းညွှန်ရာတွင် နိုင်ငံပိုင်စက်ရုံများက ထုတ်လုပ်လျက်ရှိသော ပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းရမှာဖြစ်သကဲ့သို့ အရည်အသွေး အဆင့်အတန်းအရ အဆင့်မီ ကောင်းမွန်သည့် ပစ္စည်းများဖြစ်အောင်လည်း အမြဲအလေးထား ကြိုးစားကြရန်လိုအပ်ကြောင်း၊ ထို့အပြင် မိမိတို့စက်ရုံတိုင်းသည် ကုန်ကျစရိတ်နှင့်ဝင်ငွေ အချိုးမျှတကောင်းမွန်ပြီး ထိုက်သင့်သော အကျိုးအမြတ်ရရှိနေရန် အရေးကြီးကြောင်းဖြင့် မှာကြားလမ်းညွှန်သည်။

စီစဉ်ပြသ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းခန်းမဆောင်အတွင်း၌ ခင်းကျင်းစီစဉ်ပြသထားသော စွန့်ပစ်ပစ္စည်းများနှင့် ဓာတ်ခဲဟောင်းများကို ပေါင်းစပ်အသုံးပြု၍ LED မီးလုံးများဖြင့် မီးထွန်းနိုင်အောင် ပြုလုပ်ထားသော ပလတ်စတစ်မီးအိမ်များကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘိလပ်မြေစက်ရုံသုံး ထုံးကျောက်များ၊ အဆင့်မြင့်မီးခံအုတ်များ၊ ဘိလပ်မြေစက်ရုံထုတ် ကုန်ချောဘိလပ်မြေများ၊ ဘိလပ်မြေအိတ်ခွံများ၊ မှန်စက်ရုံသုံး သဘာဝကုန်ကြမ်းများ၊ ကျောက်ဆည်စက်မှုနယ်မြေမှ ထုတ်လုပ်သည့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဗိုလ်ချုပ်မှူးကြီး မရောက်ရှိမီ နံနက်ပိုင်းကလည်း ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊

ဆင်မင်း ဘိလပ်မြေစက်ရုံ

ကျောက်ဆည်စက်မှုနယ်မြေရှိ ဆင်မင်းဘိလပ်မြေစက်ရုံကို ဝေဟင်မှ တွေ့ရစဉ်။

(သတင်းစဉ်)



ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ကျောက်ဆည်စက်မှုနယ်မြေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်တို့သည် ဆင်မင်းဘိလပ်မြေစက်ရုံစုသို့ ရောက်ရှိကြရာ စက်ရုံမှူးကြီးက ဆင်မင်းဘိလပ်မြေစက်ရုံနှစ်ရုံ၏ အကျယ်အဝန်းနှင့် တည်နေရာ၊ ကုန်ကြမ်းရရှိမှု၊ ကုန်ချောထုတ်လုပ်ရာ၌ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေ၊ ဘိလပ်မြေထုတ်လုပ်သည့် ကုန်ထုတ်လုပ်မှု နည်းစဉ်များဖြစ်သော (Dry Process) နှင့် (Wet Process) တို့၏ ကွာဟချက်များ၊ အားသာချက်၊ အားနည်းချက်များ၊ စက်ရုံအလိုက် ကုန်ကျစရိတ်နှင့်ဝင်ငွေအချိုး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လေ့လာ

ထို့နောက် ဆင်မင်းဘိလပ်မြေစက်ရုံ(၁)၊ ဆင်မင်းဘိလပ်မြေစက်ရုံ(၂)နှင့် တော်ဝင်ပလတ်စတစ် ရက်ထည်စက်ရုံများအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများ

ကျောက်ဆည်စက်မှုနယ်မြေမှ ထုတ်လုပ်သည့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

လျင်မြန်စွာ ရွေ့လျားခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ အနောက်တောင်ယွန်းယွန်း မိုင်၂၀၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် နောက်၁၂နာရီအတွင်း ယနေ့ညပိုင်းမှစတင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ကော့ဘဇားမြို့အနီးမှ ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်ပြီးနောက် မုန်တိုင်းအကြွင်းအကျန်များသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော် ဝင်ရောက်သွားမည်ဖြစ်သည်။

ဦးတည်ရွေ့လျားနေခြင်းမရှိ

မုန်တိုင်း၏ လက်ရှိအခြေအနေကို လိမ္မော်ရောင်အဆင့်မှ အဝါရောင်အဆင့်သို့ လျှော့ချပြီး မြန်မာနိုင်ငံကမ်းရိုးတန်းဆီသို့ ဦးတည်ရွေ့လျားနေခြင်းမရှိဟုသတ်မှတ်သည်။မုန်တိုင်းဖြတ်ကျော်စဉ် မုန်တိုင်းပင်လယ်ရေလှိုင်းသည် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းဒေသတစ်လျှောက်တွင် သုံးပေမှ ငါးပေခန့်အထိ မြင့်တက်လာနိုင်သည်။ မုန်တိုင်းဖြတ်ကျော်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ မိုင်၅၀ခန့်အထိ တိုက်ခတ်နိုင်ပြီး တစ်ခါတစ်ရံ တစ်နာရီလျှင် မိုင်၆၀ခန့်အထိ တိုက်ခတ်နိုင်ကာ လှိုင်းကြီးနိုင်သည်။

မုန်တိုင်း၏ အရှိန်ကြောင့် နောက်၃၆နာရီအတွင်း ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ဒေသအချို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

ကြိုတင်ရှောင်ရှား

သို့ပါ၍ ရခိုင်ကမ်းရိုးတန်း မြောက်ပိုင်းဒေသတစ်လျှောက်ရှိ မြန်မာ့ပင်လယ်ပြင်ဒေသများအတွင်း ကမ်းနီး ကမ်းဝေး ငါးဖမ်းရေယာဉ်၊ စက်လှေနှင့် ခရီးသွားရေယာဉ်များအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် အဆိုပါဒေသရှိ ပင်လယ်ပြင်မှ ဘေးလွတ်ရာသို့ ကြိုတင်ရှောင်ရှားထားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ထူးခြားသည့်နေ့အပူချိန်

၁၇-၄-၂၀၀၉

မုံရွာ	၄၀	ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၀	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၀	ဒီဂရီစင်တီဂရိတ်

စာမျက်နှာ ၅ မှ

ပွဲများ၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပခြင်း၊ အသက်ဂုဏ်ဝါကြီးမြင့်သည့် ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှု ပြုစုပေးခြင်း၊ ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်းကန်၊ ဓမ္မာရုံတို့၌ ဒါန သီလ ဘာဝနာပွားများခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရဟန်းရှင်လူပရိသတ်တို့အား စတုဒိသာ ဒါနပြုခြင်းနှင့် ကျေးငှက်နှင့် ငါးများအား ဘေးမဲ့လွှတ်ခြင်း၊ ဇီဝိတဒါန ပြုခြင်း၊ ဆေးခန်း၊ ဆေးရုံ၊ သွေးလှူဘဏ်များ၌ ဒါနဥပပါရမီအဖြစ် သွေးလှူဒါန်းခြင်းစသော ကုသိုလ်ကောင်းမှုပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရှိရပြီး ညနေပိုင်းတွင်ရပ်ကွက်အသီးသီးတို့၌ အန္တရာယ်ကင်း ပရိတ်ရွတ်ပွဲများ ကျင်းပကြသည်။

နံနက် ၄နာရီခွဲတွင် မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝံသ အမှူးပြု၍ မျက်နှာသစ်တော် ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ပန်း၊ ဆွမ်းနှင့် ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်ကြသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင် ရဟန်းရှင်လူ ပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဖယောင်း ဆီမီးပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင် ဇီဝိတဒါနငါးလွှတ်ခြင်း၊ ငှက်လွှတ်ခြင်း၊ အစာကျွေးခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

နံနက်၇နာရီတွင်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မိသားစု၏ ဇီဝိတဒါနစုပေါင်းငါးလွှတ်ပွဲကို ကျုံးတောင်ဘက် မင်္ဂလာတံတားဘေး၌ကျင်းပရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် ဇနီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးမြို့ရှိ တပ်ရင်းတပ်ဖွဲ့မှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အရာရှိစစ်သည်မိသားစုများ၊ အိုးစည်ဒိုးပတ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဒုတိယတိုင်းမှူးဦးဆောင်၍တက်ရောက်ကြသူများက ကျုံးအတွင်းသို့ ငါးကောင်ရေ ၁၀၀၀၀၀ တို့ကို ဘေးမဲ့လွှတ်ပေးကြသည်။

ဘေးမဲ့လွှတ်

နံနက်၉နာရီတွင်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီးတို့ဦးဆောင်သော ဝန်ထမ်းမိသားစုများသည် မြို့တော်ခန်းမ၌ ဆရာတော်ကြီးများအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်ရွတ်ပွဲကျင်းပပြီး ရုံးရှေ့၌ စာကလေးငှက် ကောင်ရေ ၃၀၀နှင့် ရုံးရှေ့ ကျုံးရေပြင်၌ ငါးကောင်ရေ ၄၅၀၀၀တို့အား ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးကြသည်။ ယင်းနောက် မန္တလေးမြို့တော်ဝန်နှင့် ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်ချီးမြှင့်ပေးသော အန္တရာယ်ကင်း ပရိတ်ရေများကို မန္တလေးမြို့တော်သူ၊ မြို့တော်သားများ အန္တရာယ် ကင်းဝေးစေရေးအတွက် ချမ်းအေးသာစံမြို့နယ်၃၄လမ်း၈၅လမ်းနှင့်၈၆လမ်းကြားထိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏မလွန်ရေသွန်းစက်ရုံ ရေဂါလန်ငါးသန်းဆံ့ရေလှောင်ကန်အတွင်းသို့ အဆိုပါ ပရိတ်ရေများကို သွန်းလောင်းပေးကြသည်။

ကုသိုလ်ပွားများ

ညနေပိုင်းတွင် မန္တလေးမြို့ရှိ ရပ်ကွက်နှင့် လမ်းများ၌ ရပ်ကွက်နေပြည်သူများသည်သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်နှင့် ကမ္မဝါစာများကို နာကြားကြကာ နှစ်သစ်တွင် မကောင်းမှုများကင်းစင်၍ ကောင်းမှုမင်္ဂလာများ တိုးပွားစေရန် ကုသိုလ်ပွားများကြရာ မြန်မာနှစ်ဆန်းတစ်ရက်နှစ်သစ်မင်္ဂလာ အခါသမယတွင် မန္တလေးမြို့တစ်ဝန်းလုံး၌ကုသိုလ်ပြုသူများ၊ကုသိုလ်သံများဖြင့် ဝေဆာလျက်ရှိသည်ကို တွေ့မြင်ကြားသိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်မုန်တိုင်းသတင်း



ဘင်္ဂလားဒေ့ရှ်၌ မုန်တိုင်းသတိပေးချက် ထုတ်ပြန်

ဒါကာ ဧပြီ ၁၇

ဘစ်ဂျ်လီအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် ဧပြီ၁၇ရက် ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားနေကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

တိုက်ခတ်ဖွယ်

အဆိုပါမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းမှ အရှေ့မြောက်ပိုင်းသို့ ဦးတည်ရွေ့လျားလျက်ရှိကြောင်း၊ ဧပြီ၁၈ရက် နံနက်ပိုင်း၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့နှင့် ကော့ဘဇားမြို့ ကမ်းရိုးတန်းကို ဖြတ်ကျော်တိုက်ခတ်ဖွယ်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

သတိပေး

ဘစ်ဂျ်လီမုန်တိုင်း ရွေ့လျားမှုကြောင့် ဒါကာမြို့ နိုင်ငံတကာလေဆိပ်၌ လေယာဉ်အဆင်းအတက်များ ပိတ်ထားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသများ၌ မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်ထားသည်။ ယင်းမုန်တိုင်းသည် တစ်နာရီ ၇၅မိုင်နှုန်းခန့် တိုက်ခတ်နိုင်ပြီး မုန်တိုင်းဒီရေ ရှစ်ပေအထိမြင့်တက်နိုင်ကြောင်း ခန့်မှန်းထားသည်။

ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ

ကျော်ရဲမင်း

မင်္ဂလာနှစ်သစ်နဲ့အတူ မင်္ဂလာသတင်းတွေပဲ ဆက်တိုက်ဆိုသလို ကြားနေရလို့ ကျွန်တော်တို့ပြည်သူတိုင်း ဝမ်းသာပီတိဖြစ်ကြရပါတယ်။ အဲဒီမင်္ဂလာသတင်းတွေထဲမှာ KNU သောင်းကျန်းသူအဖွဲ့က ကွယ်လွန်သူ KNU/KNLA ဥက္ကဋ္ဌဟောင်း စောဘိုမြရဲ့သား ဗိုလ်ကြီးအဆင့်ရှိတဲ့ စောနေစိုးမြနဲ့ အဖွဲ့ ငြိမ်းချမ်းရေး ရယူဝင်ရောက်လာတဲ့ သတင်းကြောင့် နိုင်ငံနဲ့ပြည်သူရဲ့ အနာဂတ်အတွက် ပိုပြီးဝမ်းသာအားတက် ဖြစ်ရပါတယ်။

နိုင်ငံတော်အစိုးရဟာ လွတ်လပ်ရေးရစဉ်ကတည်းက လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တဲ့ ပြည်တွင်းသောင်းကျန်းမှု မီးတောက်ကြီးကို အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဆောင်ရွက်ချက်တွေနဲ့ ကြိုးပမ်း ငြိမ်းသတ်လျက်ရှိတာ အားလုံးအသိပါပဲ။ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးဆိုတာကို နိုင်ငံရေးဦးတည်ချက်(၄)ရပ်မှာ တစ်ချက်ပါဝင်ချမှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာစေရေးအတွက် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း တပ်မတော်အစိုးရရဲ့ တည်ကြည်တဲ့ သဘောထားခံယူချက်၊ ဖြောင့်မှန်တဲ့ စေတနာအရင်းခံတွေကို သိရှိနားလည်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြ၊ ငြိမ်းချမ်းရေးရယူတည်ဆောက်ခဲ့ကြတာ အခုဆိုရင် အဖွဲ့ကြီး ၁၇ဖွဲ့နဲ့ အဖွဲ့ငယ်ပေါင်း၂၀ကျော် ရှိခဲ့ပါပြီ။

တစ်ဖက်မှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့တပ်မတော်ဆိုတဲ့ စွမ်းအားစုကြီးသုံးရပ်ရဲ့ ညီညွတ်လက်တွဲမှုနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို အခြားတစ်ဖက်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးဖြစ်တဲ့ တိုင်းရင်းသားအဖွဲ့များနဲ့လက်တွဲပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်နဲ့ ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

တကယ်တော့ ဒေသဖွံ့ဖြိုးတိုးတက်စေဖို့ဆိုရင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုဟာ မရှိမဖြစ်တဲ့ အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။ ဒေသတွင်း တည်ငြိမ်အေးချမ်းမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အနှောင့်အယှက်ကင်းကင်းနဲ့ ဖြောင့်ဖြောင့်တန်းတန်း အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်မှာ မဟုတ်လား။ ဒါကို ဗိုလ်ကြီးစောနေစိုးမြနဲ့အဖွဲ့က ကောင်းကောင်းနားလည်သဘောပေါက်ခဲ့ပါပြီ။

ဗိုလ်ကြီးစောနေစိုးမြက သူတို့ဟာ နိုင်ငံတော်အစိုးရရဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်ချက်တွေအပေါ် နားလည်ယုံကြည်မှု ရှိလာတာကတစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးဟာ မရှိမဖြစ် လိုအပ်ချက်ဖြစ်တယ်လို့ ယုံကြည်လက်ခံလာတာကတစ်ကြောင်း၊ နယ်မြေအေးချမ်းသာယာမှုကြောင့် ဖြစ်ထွန်းရရှိလာတဲ့ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအပေါ် ဒေသခံပြည်သူများအနေနဲ့ ကြည်နူးဝမ်းသာ ပီတိဖြာလျက်ရှိနေကြောင်း မျက်ဝါးထင်ထင်တွေ့မြင်နေရတာကတစ်ကြောင်း၊ တရားဥပဒေဘောင်အတွင်း စောစီးစွာဝင်ရောက်ခဲ့ကြပြီးဖြစ်တဲ့ တိုင်းရင်းသား အဖွဲ့အစည်းများအပေါ် နိုင်ငံတော်က စာနာ နားလည်ပြီး နွေးထွေးစွာ စောင့်ရှောက်ပံ့ပိုးပေးထားမှုတွေကြောင့် အေးချမ်းတည်ငြိမ်လာတာနဲ့အမျှ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာခဲ့တာတွေကို မျက်မြင်လက်တွေ့ သိရှိသဘောပေါက်လာခဲ့တာက တစ်ကြောင်း၊ တစ်ဖက်ကလည်း KNU ရဲ့ ရည်မှန်းချက်နဲ့ လုပ်ဆောင်ချက်များဟာ ကရင်ပြည်သူလူထု ကောင်းစားရေးနဲ့ အလှမ်းဝေးလွန်းတဲ့အပြင် လက်တွေ့မှာ ကရင်လူထုကို ဒုက္ခတွင်းထဲကိုသာ တွန်းပို့နေကြောင်း အဆုံးတိုင် သိမြင်လာတဲ့အတွက်ကြောင့် တစ်ကြောင်း စတဲ့ အကြောင်းကြောင်းတွေကြောင့် ကွယ်လွန်သူ ဗိုလ်ချုပ်စောဘိုမြရဲ့ သား ဗိုလ်ကြီးစောနေစိုးမြ ဦးစီးတဲ့အဖွဲ့ဟာ တရားဥပဒေဘောင်အတွင်းကို ထပ်မံ ဝင်ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဖခင်ဖြစ်သူ ဥက္ကဋ္ဌ စောဘိုမြ မသေမီကဆန္ဒကို လက်တွေ့လိုက်နာ ဖော်ဆောင်တဲ့အနေနဲ့ KNU/KNLA ငြိမ်းချမ်းရေးကောင်စီရှိရာ ထို့ကော်ကိုးကျေးရွာကို လာရောက်ပူးပေါင်းခဲ့ကြခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ဗိုလ်ချုပ်ထိန်မောင်ဦးစီးတဲ့ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဟာ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့မှာ ငြိမ်းချမ်းရေးရယူခဲ့ပြီး ထို့ကော်ကိုးမှာ အခြေချခဲ့တာပါ။ သူတို့ ငြိမ်းချမ်းရေးရယူပြီး နှစ်ပတ်သုံးပတ်အကြာမှာ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုနဲ့အတူ ကျွန်တော်လည်း ထို့ကော်ကိုးကို ရောက်ဖူးခဲ့ပါတယ်။ အဲဒီတုန်းက ထို့ကော်ကိုးကျေးရွာကို စပြီးတည်ဆောက်နေတုန်း အခြေအနေပါ။ မြေထိုးစက်ကြီးတွေ၊ မြေတူး၊ မြေသယ်စက်ကြီးတွေနဲ့ လမ်းအူကြောင်းတွေဖောက်၊ မြေမျက်နှာပြင် ပြုပြင်၊ ရွာကိုစနစ်တကျအကွက်ချပြီး တည်ဆောက်နေကြဆဲပါ။ သို့သော် အဲဒီအချိန်မှာတုန်းကတောင် အိမ်ခြေ ၄၀-၅၀ခန့်၊ ပျဉ်ထောင်၊ သွပ်မိုး၊ ခြေတံရှည်နှစ်ထပ်နဲ့ ခိုင်ခိုင်ခံ့ခံ့၊ သပ်သပ်ရပ်ရပ်၊ စီစီညီညီ တွေ့မြင်ခဲ့ရပါတယ်။ ဒါ့အပြင် ဆေးပေးခန်း၊ ကုန်ပစ္စည်းအရောင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဝင်းသူဇာဆိုင်၊ ဆံပင်ညှပ်ဆိုင် ကအစ ပြည့်စုံတဲ့အနေအထားတစ်ခုကို ချက်ချင်းဖြည့်ဆည်း ဖော်ဆောင်ပေးထားတာကို တွေ့ရှိခဲ့ရပါတယ်။ တကယ့်ကို အားရလောက်စရာပါပဲ။

တစ်ဖက်ကလည်း အဲဒီခရီးစဉ်အတွင်းမှာ ရိုးသားတဲ့ ဒေသခံတွေရဲ့ ရွှန်းလဲ့ဝင်းပတဲ့ ပီတိပြုံးတွေ၊ ကျေနပ်အားရတဲ့ ရင်တွင်းစကားတွေကို တွေ့ခွင့်၊ မြင်ခွင့်၊ ကြားသိခွင့်ရခဲ့ပါတယ်။ ဥပဒေဘောင်အတွင်း မဝင်မီက သူတို့ နေထိုင်ဖြတ်သန်းခဲ့ရတဲ့ အနေအထားနဲ့ အခုဥပဒေဘောင်အတွင်းမှာ နိုင်ငံတော်ရဲ့ ပံ့ပိုးမှုနဲ့ နေထိုင်ဖြတ်သန်းနေရတဲ့ အနေအထားကို နှိုင်းယှဉ်ကြည့်ပြီး လက်ရှိဘဝသစ်မှာ အားတက်ပျော်ရွှင်နေကြတာ တွေ့ရလို့ ဝမ်းသာမိတာလည်း အမှန်ပါပဲ။ အထူးသဖြင့် ရိုးသားပွင့်လင်းပြီး စိတ်သဘောထား ဖြူစင်တဲ့ အဘိုးဦးထိန်မောင်ရဲ့ အပြုံးတွေ၊ အားပါပြီး လေးနက်ဖြောင့်မှန်တဲ့ အဘိုးဦးထိန်မောင်ရဲ့ ရင်တွင်းစကားတွေကို ယခုအချိန်ထိ ပြန်ပြီးမြင်ယောင်၊ ကြားယောင်နေမိဆဲပါ။

အခု ထို့ကော်ကိုးဒေသရဲ့ လက်ရှိအခြေအနေတွေကို တီဗွီသတင်းမှာ မျက်ဝါးထင်ထင် ပြန်ပြီးတွေ့မြင်ရတော့ ကျွန်တော်ရောက်ခဲ့စဉ်ကထက် အဆပေါင်းများစွာ ပိုပြီး ဖွံ့ဖြိုးတိုးတက်စည်ပင်နေတာ တွေ့ရပါတယ်။ ဒါကလည်း နိုင်ငံတော်ရဲ့ အားပေးကူညီထောက်ပံ့မှုအပေါ်မှာ ဒေသခံတိုင်းရင်းသားတွေရဲ့ အားတက်သရော ကြိုးပမ်းတည်ဆောက် မြှင့်တင်ဆောင်ရွက်မှုတွေကြောင့် ဖြစ်တယ်လို့ပဲ ဆိုရမှာပါ။ အခုဆိုရင် ဗိုလ်ကြီးစောနေစိုးမြတို့အဖွဲ့ပါ ထပ်ပြီး ရောက်လာပြီဆိုတော့ ထို့ကော်ကိုးဒေသဟာ ပိုပြီးတိုးတက်၊ ပိုပြီးစည်ပင်၊ ပိုပြီး သာယာလှပလာတော့မှာ မုချဧကန်ပါပဲ။

စောနေစိုးမြနဲ့ အဖွဲ့ဝင်များကို တောတွင်းတစ်နေရာကနေ ထို့ကော်ကိုးကို ရောက်တဲ့အထိ နယ်မြေခံတပ်ရင်းများက တာဝန်ရှိသူတွေ၊ တပ်မတော်သားစစ်သည်မိသားစုဝင်တွေက ကူညီပံ့ပိုးကြိုဆိုစောင့်ရှောက်ပြီး ပို့ဆောင်ပေးခဲ့တာဖြစ်ပါတယ်။ ထို့ကော်ကိုးကျေးရွာမှာလည်း ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနဲ့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲတွေ၊ စောနေစိုးမြရဲ့ ဦးလေးဖြစ်သူ ဦးထိန်မောင်ဦးစီးတဲ့ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ အဖွဲ့ဝင်တွေ၊ ဒေသခံပြည်သူတွေ စုစုပေါင်းအင်အား ၁၀၀၀ကျော်က ဝမ်းမြောက်ဝမ်းသာ ပန်းကုံး၊ ပန်းစည်းတွေကမ်းပြီး စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုခဲ့ကြတာပါ။ ဂုဏ်ပြုကြိုဆိုပွဲနဲ့အတူ စောနေစိုးမြအဖွဲ့နဲ့ မှီခိုသူ မိသားစုဝင်များအတွက် အသုံးအဆောင်ပစ္စည်းတွေ၊ ရိက္ခာနဲ့ မီးဖိုချောင်သုံးပစ္စည်းတွေ၊ အဝတ်အထည်များနဲ့ မိသားစု တစ်စုချင်းအလိုက် ထောက်ပံ့ငွေတွေကို တာဝန်ရှိသူ အဆင့်ဆင့်က ပြည့်ပြည့်စုံစုံ လက်ငင်း ထောက်ပံ့ကူညီပေးခဲ့ကြပါတယ်။ အလားတူ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ မိသားစုဝင်များကလည်း ဘဝတူချင်းအပေါ် ထက်သန်တဲ့စေတနာနဲ့ အသုံးအဆောင်ပစ္စည်းတွေ ထောက်ပံ့ပေးအပ်ခဲ့ကြတာကို တွေ့မိပါတယ်။ တစ်ဖက်နိုင်ငံမှာ ဒုက္ခရောက်လွန်းလို့၊ မခံစားနိုင်တော့လို့ မိခင်နိုင်ငံရဲ့ ငြိမ်းချမ်းတဲ့ရင်ခွင်ကို ပြန်လည်ဝင်ရောက်လာကြတဲ့ စောနေစိုးမြတို့အဖွဲ့ဝင်တွေအနေနဲ့ ဘယ်လောက်များ ဝမ်းသာပီတိ ဖြစ်ရှာမလဲလို့တွေးရင်း ကျွန်တော်ကိုယ်တိုင်လည်း ကြည်နူးလွန်းလို့ မျက်ရည်များတောင် လည်မိပါတယ်။ ဒါဟာ ငြိမ်းချမ်းရေးရဲ့အစ၊ ငြိမ်းချမ်းရေးရဲ့ မှခ်ဦးတံခါးဝပဲ ရှိပါသေးတယ်။ ရှေ့ဆက်ပြီး ဒီထက်ပျော်စရာ၊ ကြည်နူးစရာ၊ စိတ်ချမ်းမြေ့စရာ လူမှုစီးပွားဘဝ အခြေအနေတွေကို ပိုင်ဆိုင်ရယူ ခံစားကြရဦးမှာပါလို့ မျှော်လင့်မိပါတယ်။

တစ်ဆက်တည်းမှာပဲ သက်ဆိုင်ရာတာဝန်ရှိသူတွေက စောနေစိုးမြနဲ့ အဖွဲ့ဝင်မိသားစုတွေကို ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နိုင်ငံတော်အစီအစဉ်နဲ့ နေအိမ်တွေဆောက်လုပ်နေရာချထားပေးခဲ့သလို စိုက်ပျိုးလုပ်ကိုင်စားသောက်ဖို့ မြေနေရာများကိုလည်း အလုံအလောက် ချထားပေးခဲ့ပါတယ်။ အလားတူ သောက်သုံးရေနဲ့ လျှပ်စစ်မီးရရှိအောင် စီမံပေးသလို ကျန်းမာရေးနဲ့ပညာရေး လိုအပ်ချက်များအတွက်လည်း မမေ့မလျော့ ဖြည့်ဆည်းစီမံပေးခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရက ရေရှည်စီမံချက်များနဲ့ ဆက်လက်ပံ့ပိုးကူညီမှုတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီလို နိုင်ငံတော်အစိုးရရဲ့ စစ်မှန်တဲ့စေတနာနဲ့ နွေးထွေးတဲ့ ကြိုဆိုမှုတွေကြောင့် စောနေစိုးမြနဲ့ အဖွဲ့ဝင်မိသားစုများဟာ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ KNU/KNLA ငြိမ်းချမ်းရေးကောင်စီနဲ့ ပူးပေါင်းလက်တွဲပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ သူတို့အနေနဲ့လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အားတက်သရော ဆောင်ရွက်သွားကြဖို့ ဆန္ဒပြင်းပြနေပြီး ကရင်ပြည်နယ် ဒေသတစ်ခုလုံး အေးချမ်းတည်ငြိမ်အောင်၊ လက်နက်ကိုင် တိုက်ခိုက်မှုများ ထာဝရ ချုပ်ငြိမ်းသွားရအောင် ကြိုးပမ်းဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။ တကယ့်ကို နိုင်ငံနဲ့ပြည်သူရဲ့ အနာဂတ်အတွက် အားတက်ဖွယ်ကောင်းတဲ့ ပေါင်းစည်းလက်တွဲ အောင်မြင်မှုတစ်ရပ်ပါပဲ။

ယခုလို ဗိုလ်ကြီးစောနေစိုးမြတို့အဖွဲ့ ငြိမ်းချမ်းရေးရင်ခွင်ထဲကို ဝင်ရောက်လာခဲ့ကြတဲ့သတင်းအပေါ် တစ်နိုင်ငံလုံးက ပြည်သူအားလုံး ဝမ်းသာလှိုက်လှဲ ကြိုဆိုခဲ့ကြတာမှန်ပေမယ့် ကရင်ပြည်နယ် ပြည်သူများကတော့ သူများထက်ပိုမှာ အသေအချာပါပဲ။ ကရင်ပြည်သူများအနေနဲ့ အခုလို ငြိမ်းချမ်းရေးအတွက် လာရောက်ပူးပေါင်းခဲ့တာဟာ သူတို့ဒေသ၊ သူတို့ပြည်နယ် တည်ငြိမ်အေးချမ်းဖို့၊ သူတို့ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ခိုင်မာတဲ့ အာမခံချက်တစ်ခု ရရှိလိုက်တာပဲ မဟုတ်လား။ ဒါကြောင့်လည်း ပြီးပြည့်စုံတဲ့ အာမခံချက်ရရှိနိုင်ဖို့အတွက် တစ်နည်းအားဖြင့် ကရင်ပြည်နယ်တစ်ခုလုံး အေးချမ်းတည်ငြိမ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုတွေကို မြန်မြန်ဆန်ဆန် ဖော်ဆောင်ရရှိနိုင်စေရေးအတွက် လက်ကျန် KNU အဖွဲ့များ အားလုံးဟာလည်း ဗိုလ်ကြီးစောနေစိုးမြတို့လို အမြန်ဆုံး ငြိမ်းချမ်းရေး ရယူဝင်ရောက်လာကြပါစေလို့ ဆန္ဒပြုမျှော်လင့်နေမှာ အမှန်ပါ။

တကယ်တော့ ကရင်ပြည်နယ်ဟာ အေးချမ်းသာယာလှပသလို ကရင်ပြည်သူတွေဟာ ပွင့်လင်းရိုးသားဖြူစင်တဲ့ ချစ်စရာတိုင်းရင်းသားတွေ ဖြစ်ကြပါတယ်။ သို့သော် KNU ရယ်လို့ စတင်ပေါ်ပေါက်လာတဲ့ အချိန်ကစပြီး ကရင်ပြည်နယ် ဒေသကြီးတစ်ခုလုံးကို အရုပ်ဆိုး အကျည်းတန်စေခဲ့သလို ကရင်ပြည်သူတွေကိုလည်း ပင်လယ်ထက်ကြီးတဲ့ဒုက္ခတွေနဲ့ ဆူဆူဝေစေခဲ့ပါတယ်။ လူသတ်၊ လုယက်၊ မီးရှို့၊ မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးမှုများနဲ့ ဒေသခံပြည်သူတွေ အတိဒုက္ခရောက်အောင် ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်ဖျက်ဆီးခဲ့ကြပါတယ်။ ဒါ့အပြင် KNU ဟာ အနောက်မျှော်ဝါဒနဲ့ ပြည်ပအားကိုးပြီး အမျိုးသားရေးကိုပါ သစ္စာဖောက်ခဲ့ကြပါတယ်။

တစ်ချိန်တုန်းကတော့ KNU ဟာ အကြမ်းဖက်ဖောက်ခွဲ တိုက်ခိုက်ဖျက်ဆီးမှု၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှု၊ လူကုန်ကူးမှုနဲ့ ကလေးသူငယ်တွေကို အဓမ္မလူသစ်စုဆောင်းမှု ကုန်ကုန်ပြောရရင် မသမာတဲ့ အဓမ္မမှုမှန်သမျှ လိုင်စင်ဆွဲထားသလို တရစပ်ကျူးလွန်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ အခုချိန်မှာတော့ ပြောပလောက်အောင် မကျန်တော့တဲ့ ရှိစုမဲ့စု အင်အားလေးနဲ့ ပြည်ပ ဆရာကြီးတွေ ကြိုးဆွဲရာကရတဲ့ ဒေါ်လာစား ကြေးစားရုပ်သေးရုပ်တစ်ရုပ် ဖြစ်နေပါပြီ။ ပြည်တွင်းမှာ ရပ်တည်နိုင်စွမ်း မရှိတော့လို့ မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက်မှာ ခိုကပ်နေရတဲ့ဘဝ ရောက်နေပါပြီ။

KNU နဲ့ ငြိမ်းချမ်းရေး တည်ဆောက်မှုသမိုင်းကို ပြန်ကောက်ကြည့်ရင် ၁၉၉၅ခုနှစ်ကစပြီး KNU နဲ့ တပ်မတော်တို့ဟာ အလွတ်သဘော(၃)ကြိမ်၊ တရားဝင်(၄)ကြိမ် ဆွေးနွေးခဲ့ကြဖူးပါတယ်။ ဒါပေမယ့် သူတို့ဘက်က ကောက်နေတာကို ဖြေလျှော့မပေးနိုင်တဲ့အတွက် တွင်းဝင်မဖြောင့်ခဲ့ဘူးလို့ ဆိုရမှာပါပဲ။ ဒါပေမယ့်လည်း KNU ကနေ ခွဲထွက်ပြီး တစ်ဖွဲ့ချင်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတာ စုစုပေါင်း (၆)ဖွဲ့၊ အခု စောနေစိုးမြ အဖွဲ့ပါဆိုရင် (၇)ဖွဲ့ ရှိခဲ့ပါပြီ။ ဦးသာထူးကျော် ခေါင်းဆောင်တဲ့ DKBA အဖွဲ့၊ ဦးစောသမူဟဲ ခေါင်းဆောင်တဲ့ တပ်မဟာ(၆) တပ်ရင်း (၁၆)အဖွဲ့၊ ဦးစောဖယ်ရီမိုး ခေါင်းဆောင်တဲ့ သံတောင်ဒေသ တပ်မဟာ(၂) အဖွဲ့၊ ဖဒိုအောင်ဆန်း ဦးဆောင်တဲ့အဖွဲ့၊ ဦးကိုကြီးခေါင်းဆောင်တဲ့ တပ်မဟာ (၂)အဖွဲ့၊ ဗိုလ်ချုပ်ထိန်မောင် ဦးဆောင်တဲ့ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့တွေပဲ ဖြစ်ပါတယ်။

အဲဒီအဖွဲ့တွေအားလုံးဟာ သူတို့အခြေစိုက်တဲ့ ဒေသတွေနဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို တပ်မတော် အစိုးရနဲ့အတူ လက်တွဲလုပ်ဆောင်နေကြပါပြီ။ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကိုလည်း အသီးသီး အသကအသက ရရှိခံစားနိုင်နေကြပါပြီ။ အရင်KNUတွေ မင်းမူကြီးစိုးနေတုန်းက ဘဝတွေနဲ့စာရင် အများကြီးဖွံ့ဖြိုးတိုးတက်လာခဲ့တာ အထင်အရှားပါပဲ။ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ ဆက်သွယ်ရေး စခန်းတွေ၊ လမ်းတံတားတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံစီးပွားရေးလုပ်ငန်းတွေနဲ့ သူတို့အားလုံးရဲ့ လူမှုစီးပွားဘဝတွေဟာ မြင့်သည်ထက် မြင့်မားတဲ့ အဆင့်တစ်ခုကို ရောက်ရှိနေကြပါပြီ။ တကယ့်ကို သူတို့အတွက် ဝမ်းမြောက်စရာပါ။

တကယ်တော့ စိတ်ရင်းဖြူဖြူစင်စင်နဲ့ တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် ကြည့်မယ်၊ လုပ်မယ်ဆိုရင် လုပ်တဲ့အဖွဲ့တိုင်း အောင်မြင်ကြတာပါပဲ။ ဒီလို အောင်မြင်ဖို့အတွက် သဘောထားမှန်ဖို့၊ ခံယူရပ်တည်ချက်မှန်ဖို့ အထူးအရေးကြီးပါတယ်။ အခုလို DKBA တို့၊ ဖဒိုအောင်ဆန်း၊ ဦးစောသမူဟဲ၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့တပ်မတော်ဆိုတဲ့ စွမ်းအားစုကြီးသုံးရပ်ရဲ့ ညီညွတ်လက်တွဲမှုနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးဖြစ်တဲ့ တိုင်းရင်းသား အဖွဲ့များနဲ့လက်တွဲပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်နဲ့ ကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိ။

နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၇

နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကို ၁၃၇၁ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၈ရက် မြန်မာနှစ်ဆန်းတစ်ရက် ယနေ့နံနက် ၆နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်း ငွေတောင်တောရစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီထံမှ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးမင်းဇော်နှင့် တာဝန်ရှိသူများက ဆရာတော်၊သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်ရှိ မာလိနီ မင်္ဂလာရေကန်တော်အတွင်း၌ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန(ဘေးမဲ့သက်လွှတ်) မင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မင်္ဂလာဆိုင်းဘုတ်ကိုင်နှင့် သာသနာ့အလံကိုင် ဥပါသကာများ၊ ပရိတ်ရေ ပက်ဖျန်းပေးမည့် စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ဦးဆောင်၍ ဝန်ကြီးဌာနများမှ ဝတ်အသင်း ၁၄သင်း၊ နေပြည်တော်တပ်နယ်မှ ဝတ်အသင်း ၂၇သင်းနှင့် နေပြည်တော် ခရိုင်အတွင်းရှိ ဝတ်အသင်း ၁၂သင်း စုစုပေါင်း ဝတ်အသင်း ၅၃သင်းတို့မှ ဝတ်အသင်းသူများက ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါနမင်္ဂလာပြုမည့် အတာအိုးများကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်းမှ ပင့်ဆောင်ကြကာ စေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည်ပြီး တောင်ဘက်မုခ်မှ ဆင်းသက်၍ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန မင်္ဂလာအခမ်းအနားကျင်းပမည့် မာလိနီ မင်္ဂလာရေကန်တော်သို့ သွားရောက်နေရာယူကြသည်။

ဘေးမဲ့လွှတ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပရိသတ်တို့က ငါးများအား မာလိနီ မင်္ဂလာရေကန်တော် အတွင်းသို့ ဘေးမဲ့သက်လွှတ် ကုသိုလ်ပြု၍ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန ကုသိုလ်မင်္ဂလာ ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်ရှိ မာလိနီ မင်္ဂလာရေကန်တော်အတွင်း၌ ကျင်းပသည့် ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန(ဘေးမဲ့သက်လွှတ်) မင်္ဂလာအခမ်းအနားတွင် ငါးများအား မာလိနီ မင်္ဂလာရေကန်တော်အတွင်းသို့ ဘေးမဲ့သက်လွှတ် ကုသိုလ်ပြုကြစဉ်။ (သတင်းစဉ်)

ဆရာတော် သံဃာတော်များ ရဟတ်ယာဉ်ဖြင့် နေပြည်တော်ဝန်းကျင် လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြစဉ်။ (သတင်းစဉ်)

ရဟတ်ယာဉ်ဖြင့် နေပြည်တော်ဝန်းကျင် လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ပွားသရဇ္ဈာယ်ပြီး ပရိတ်ရေများဖြင့် ဖျန်းပက် မေတ္တာပို့သ

နေပြည်တော် ဧပြီ ၁၇

နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်းမြို့ ငွေတောင်တောရစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီတို့ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များသည် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် နေပြည်တော်ဝန်းကျင် လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများက ပရိတ်တရားတော်များဖြင့် ဖျန်းပက်ပေးကာ မေတ္တာပို့သကြသည်။

နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးမင်းဇော်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား နေပြည်တော် ပေါင်းလောင်းရိပ်သာ၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

နှစ်ဆန်းတစ်ရက်က ဇဟာန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား ခေါင်းလျှော်ခြင်း၊ လက်သည်းခြေသည်းညှပ်ခြင်းဖြင့် ကုသိုလ်ယူကြစဉ်။ (မြန်မာ့အလင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ဦးထိန်မောင်တို့အဖွဲ့တွေ အောင်မြင်နေတယ်ဆိုတာ တကယ့်ကိုငြိမ်းချမ်းရေး ရယူလိုတဲ့သဘောထား၊ တပ်မတော်နဲ့လက်တွဲပြီး မိမိဒေသ၊ မိမိပြည်သူ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်မယ်ဆိုတဲ့ ရပ်တည်ခံယူချက် ဖြူစင်ဖြောင့်မတ် မှန်ကန်လို့သာ ဖြစ်ပါတယ်။ ဒါကို မြင်အောင်ကြည့်တတ်ဖို့ လိုပါလိမ့်မယ်။

အခုတလော ပြည်ပမီဒီယာအချို့ရဲ့ အသံလွှင့်ချက်တွေမှာ ထိုင်းနိုင်ငံရဲ့ ကြားဝင်စေ့စပ်ပေးမှုနဲ့ KNU ဟာ တပ်မတော်နဲ့ တွေ့ဆုံဆွေးနွေးလိုတယ်လို့ လက်ခံတုံ့ပြန်တဲ့အကြောင်း ကြားလိုက်မိပါတယ်။ ထိုင်းနိုင်ငံခြားရေးဝန်ကြီးနဲ့ KNU ဒုတိယဥက္ကဋ္ဌ စောဒေးဗစ်တာကပေါတို့ ဗန်ကောက်မှာ တွေ့ခဲ့ကြဟန် တူပါတယ်။ အဲဒီမှာ KNU က တပ်မတော်နဲ့တွေ့မယ်၊ စကားပြော ဆွေးနွေးမယ်၊ အဲဒီဆွေးနွေးတဲ့အပေါ်မှာ အပစ်အခတ် ရပ်စဲရေးတို့၊ ဘာတို့ ဆက်ပြီးလုပ်သွားမယ် ဆိုတဲ့သဘော ပြောဆိုကြတာကို ကြားလိုက်မိပါတယ်။ အမှန်တော့ ဒါဟာ ဖြစ်သင့်တာကြာပါပြီ။ ကရင်ပြည်နယ်ကြီးတစ်ခုလုံး ငြိမ်းချမ်းဖို့၊ ကရင်ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် KNUရဲ့ ငြိမ်းချမ်းရေးအပေါ်ထားရှိတဲ့ သဘောထားဟာ အခရာပါပဲ။ ဘာပဲပြောပြော KNU ဗဟိုဘက်က ဒီသတင်းထွက်လာတဲ့အတွက် ဒေသခံ ကရင်တိုင်းရင်းသားတွေအနေနဲ့ မျှော်လင့်ချက်ရောင်ခြည်တွေသန်းပြီး ဘယ်လောက်များ ဝမ်းသာအားတက် ဖြစ်နေမလဲဆိုတာ တွေးကြည့်ရုံနဲ့တင် ကြည်နူးရပါတယ်။

သို့သော် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှု အောင်မြင်ဖို့ဆိုရာမှာ ကျွန်တော် ခုနကပြောသလိုပဲ ဖြူစင်ဖြောင့်မှန်တဲ့ သဘောထား၊ လေးနက်မှန်ကန်တဲ့ ရပ်တည်ခံယူချက် မရှိမဖြစ် လိုအပ်ပါတယ်။ တစ်ဖက်က တပ်မတော်အစိုးရရဲ့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအပေါ်ထားရှိတဲ့ မျှော်လင့်ချက်နဲ့ သဘောထားကိုလည်း တကယ်သက်ဝင် ယုံကြည်လက်ခံပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အရင်အစဉ်အဆက်နားယောင်သက်ဝင်ခဲ့တဲ့ ပြည်ပသွေးထိုးမှုတွေကိုလည်း နယ်စပ်မှာ ဖယ်ချချန်ထားရစ်ခဲ့ဖို့ အရေးကြီးပါတယ်။ ပြည်ပသွေးထိုးတာ မှန်သမျှကို နားယောင်နေရင်တော့ ငြိမ်းချမ်းရေးကြိုးပမ်းမှုဟာ ဘယ်လိုမှ အောင်မြင်နိုင်စရာ မရှိပါဘူး။ ဘာပဲဖြစ်ဖြစ် တပ်မတော်အစိုးရအပေါ် ယုံကြည်သက်ဝင်မှုနဲ့ စိတ်နှလုံး တုံးတုံးချပြီး ငြိမ်းချမ်းရေး ရင်ခွင်ထဲကို လှမ်းဝင်ခဲ့မယ်ဆိုရင်တော့ ရှေးရှေးက ငြိမ်းချမ်းရေး တည်ဆောက်ထားနိုင်ပြီးဖြစ်တဲ့ တိုင်းရင်းသား အဖွဲ့များနည်းတူ တည်ငြိမ်အေးချမ်းတဲ့ဘဝ၊ ဖွံ့ဖြိုးတိုးတက်တဲ့ အခြေအနေ၊ မြင့်မားတဲ့ လူမှုစီးပွားအဆင့်အတန်းတွေကို မလွဲမသွေ ပိုင်ဆိုင်လာရမှာ မုချဧကန်ပါပဲ။

ဒါကြောင့် ကရင်လူထုအားလုံးကလည်း KNU ရဲ့ ငြိမ်းချမ်းရေး ခြေလှမ်းတွေအပေါ်မှာ အပြည့်အဝထောက်ခံအားပေးနေကြမှာပါ။ အလားတူ တစ်နိုင်ငံလုံးက ပြည်သူအားလုံးကလည်း မျှော်လင့်စောင့်စား ကြိုဆိုနေကြမှာပါ။ အမှားဆိုတာ မပြင်သေးခင်အထိတော့ အမှားဘဝနဲ့ပဲ သက်ဆိုးရှည်နေရမှာဖြစ်ပေမယ့် ပြင်လိုက်မယ်ဆိုရင် ပြင်တဲ့အချိန်ကစပြီး အမှန်ကိုရောက်သွားပါပြီ။ အမှန်နဲ့အမှားဟာ တကယ်တမ်းကျတော့ အင်မတန် ပါးလွှာတဲ့ အလွှာလေးတစ်ခုပဲ ခြားပါတယ်။ အဲဒီအလွှာကလေးကတော့ သဘောထားနဲ့ ခံယူရပ်တည်ချက်ပဲ ဖြစ်ပါလိမ့်မယ်။ သဘောထားမှား၊ ခံယူရပ်တည်ချက်မှားနေသရွေ့ လုပ်ရပ်ကလည်း မှားနေမှာဖြစ်ပေမယ့် သဘောထားလည်းမှန်ပြီ၊ ခံယူရပ်တည်ချက်လည်းမှန်ပြီဆိုရင်တော့ လုပ်ရပ်တွေအားလုံးလည်း အမှန်တရားနယ်မြေထဲကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာမှာ မလွဲပါဘူး။

ခြုံပြီးပြောရရင် ကျွန်တော်တို့ မြန်မာပြည်သူအားလုံးက ဗိုလ်ကြီးစောနေစိုးမြတို့အဖွဲ့ကို လှိုက်လှဲဝမ်းသာ ကြိုဆိုပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ KNU/KNLA ငြိမ်းချမ်းရေးကောင်စီနဲ့ ပူးပေါင်းလက်တွဲပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေ။ ဒါ့အပြင် သူတို့မျှော်မှန်းတဲ့အတိုင်း ကရင်ပြည်နယ် ဒေသတစ်ခုလုံး အေးချမ်းတည်ငြိမ်စေရေးနဲ့ လက်နက်ကိုင် တိုက်ခိုက်မှုများအားလုံး ချုပ်ငြိမ်းသွားစေရေးအတွက် ကြိုးပမ်းအောင်မြင်နိုင်ကြပါစေလို့လည်း ဆန္ဒပြုလိုက်ပါတယ်။ အလားတူ ကရင်ပြည်နယ်တစ်ခုလုံး အေးချမ်းတည်ငြိမ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုများကို အမြန်ဆုံး ဆောင်ကြဉ်းဖော်ဆောင်ပေးနိုင်ရေးအတွက် လက်ကျန် KNU အဖွဲ့များလည်း အမြန်ဆုံး ငြိမ်းချမ်းရေးရယူ ဝင်ရောက်လာနိုင်စေဖို့ ပြည်သူအပေါင်းက လိုလားမျှော်လင့်လျက်ရှိပါကြောင်း သတင်းစကား ပါးလိုက်ပါရစေ။ ။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် ရှာသစ်မြို့နယ်၌ ဒေသခံများနှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၇

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဧပြီ၅ရက်က ရှာသစ်မြို့နယ်သို့ ရောက်ရှိပြီး စုပေါင်းရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဥက္ကဋ္ဌသည် တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အက်ဖ်အေအကြိုဖိုလ်လုပွဲမှာ မန်ယူတို့ အောင်ပွဲဆင်နိုင်ပါ့မလား

အားကစားသတင်းမှတ်စု -မောင်ချစ်ကြည် ⟶ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

လန်ဒန် ဧပြီ ၁၇

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွေကို အကြိတ်အနယ် ဖြတ်သန်းခဲ့ရတဲ့ ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေဟာ ဧပြီ ၁၈ရက်နဲ့ ၁၉ရက်တွေမှာ အက်ဖ်အေ ဖလားအကြို ဖိုလ်လုပွဲတွေကို ဝင်ဘလေကွင်းမှာ ဆက်လက်ဆင်နွှဲရဦးမှာ ဖြစ်တဲ့အတွက် သက်မမချနိုင်အောင် ဖြတ်သန်းကြရဦး မှာဖြစ်ပါတယ်။

အာဆင်နယ်နှင့် ချယ်လ်ဆီး

နှစ်သင်းစလုံး ချန်ပီယံလိဂ်အကြိုဖိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ကြပေမယ့် ပွဲပန်းနေကြတာကတော့ အမှန်ပါပဲ။ အာဆင်နယ်ဟာ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဟူးလ်စီးတီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့ပြီး အကြိုဖိုလ်လုပွဲ တက်ရောက်ခဲ့ပေမယ့် အကြိတ်အနယ် ကစားခဲ့ရပါတယ်။ အာဆင်နယ်မှာ ဝေါကော့သ်က ဂိုးတွေသွင်းယူနိုင်သလို အဒီဘာယောလည်း ဂိုးပေါက်ပြန်တွေ့နေပြီ ဖြစ်ပါတယ်။

ကြံ့စည်

ဗန်ပါစီကလည်း ဂိုးသွင်းခြေမြူးနေတာမို့ ဒီအားတွေနဲ့ပဲ အာစင်ဝင်းဂါး ချယ်လ်ဆီး ကို ကျော်ဖြတ်ဖို့ ကြံ့စည်မှာ သေချာပါတယ်။ ဒါပေမယ့် တစ်ဦးချင်းစွမ်းရည်မှာတော့ ချယ်လ်ဆီးကစားသမားတွေနဲ့ လုပ်အားနှုန်း ကွာခြားတာကတော့ အမှန်ပါပဲ။

တက်ရောက်

ချယ်လ်ဆီးအသင်းဟာ အက်ဖ်အေဖလား ကွာတားဖိုင်နယ်မှာ ကိုဗင်ထရီအသင်းကို ဒရော့ဘာနဲ့ အဲလက်စ်တို့ရဲ့ ဂိုးတွေနဲ့ အနိုင်ယူပြီး အကြိုဖိုလ်လုပွဲ တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းအတွက် လမ်းပတ်၊ အက်ဆီယံ၊ တယ်ရီ၊ ဒရော့ဘာ၊ အနယ်လ်ကာတို့ ခြေစွမ်းပြနိုင်ခဲ့ရင်တော့ ဝင်ဘလေကွင်းမှာ အာဆင်နယ်တို့ ရင်မောစရာကြုံတွေ့ရနိုင်ပါတယ်။ စုစည်းမှု အားကောင်းပြီး အဆုံးသတ် သေချာတဲ့ ဂူဟစ်ဒင့်တို့ပဲ ရှေ့ခရီးဆက်နိုင်မယ်လို့ ယူဆပါတယ်။

မန်ယူနှင့်အဲဗာတန်

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်မှာ ဖူလ်ဟမ်ကို လေးဂိုးပြတ်နဲ့ အနိုင်ယူပြီး အကြိုဖိုလ်လုပွဲ တက်ရောက်လာတဲ့ မန်ယူဟာပရီမီယာလိဂ်၊ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာလည်း အခြေအနေ ကောင်းတွေနဲ့ ကြုံတွေ့နေရပြီမို့ ဖလားငါးလုံး အိပ်မက်ကို အကောင်အထည်ဖော်ဖို့ အောင်စိတ်တွေ ဆူဝေနေတာတော့ အမှန်ပါပဲ။

ကစားနိုင်

မန်ယူဟာ ခြေစွမ်းတည်ငြိမ်အောင် ကြိုးစားပြီး ရလဒ်ကောင်းအောင် ဖော်ဆောင်နေချိန်မှာ စီရိုနယ်ဒို၊ ရွန်နေ၊ ဘာဘာတော့ဗ်၊ တီဗက်ဇ်တို့ကလည်း ခြေပေါ်အောင် ကစားနိုင်ကြပါတယ်။ ဒီပွဲမှာ အဲဗာတန် ကစားသမားဟောင်း ရွန်နေရဲ့ ကစားအားကိုကြည့်ရမှာ ဖြစ်သလို မန်ယူတိုက်စစ်မှူးဟောင်း ဆာဟာလည်း ပါဝင်ကစားနိုင်ရင်တော့ ကြည့်ကောင်းမယ့် ပွဲပါပဲ။

မယှဉ်နိုင်

ဒီနှစ်သင်းကို ယှဉ်ကြည့်ရင် အဲဗာတန် ဂိုးသွင်း သူရဲကောင်းတွေဖြစ်တဲ့ တင်ကာဟေး၊ ဖီလာနီ၊ အာတီတာ၊ ဂျိုနဲ့ လက်စကော့တို့က ဂိုးသွင်းအားကောင်းပေမယ့် မန်ယူတိုက်စစ်မှူးတွေနဲ့ မယှဉ်နိုင်တာတော့ အမှန်ပါပဲ။ တစ်ဦးချင်းခြေစွမ်းနဲ့ စိတ်ဓာတ်အပိုင်းတွေမှာ မန်ယူတို့က သာနေပါတယ်။

ထိန်းနိုင်

အဲဗာတန်ဟာ ပရီမီယာလိဂ်မှာတော့ ခြေစွာတဲ့ အသင်းဖြစ်ပြီး ခြေစွမ်းတည်ငြိမ်အောင်လည်း ထိန်းနိုင်တဲ့အသင်းကောင်းဖြစ်ပါတယ်။

ဆောင်ကြဉ်း

ဒါပေမယ့် ဝင်ဘလေကွင်းမှာ ဖာဂူဆန် မပေါ့ဆဖို့တော့ လိုအပ်ပါတယ်။ အမာခံ ဘောလုံးသမားတွေ အပြည့်ထုတ်သုံးပြီး စနစ်တကျ အားထည့် ကစားရင် မန်ယူပရိသတ်တွေအတွက် စိတ်ကျေနပ်စရာအဖြစ်တွေ ဆောင်ကြဉ်းပေးနိုင်မှာပါပဲ။

အောင်ပွဲဆင်

ပွဲဆက်တွေ များနေတဲ့ မန်ယူတို့ မှန်ကန်တဲ့ လူရွေးချယ်မှု ရှိထားပြီလို့ ဝေဖန်သုံးသပ်နေကြတာမို့ ဒီပွဲဟာ မန်ယူပရိသတ်တွေအတွက် အောင်ပွဲဆင်ပေးနိုင်လိမ့်မယ်လို့ မှန်းဆရပါတယ်။ ။

ကိုးကား-အင်တာနက်

အဆုံးအဖြတ်ဂိုးများ သွင်းပေးနေသော စီရိုနယ်ဒို

အရေးပါသော ပွဲစဉ်များ၌ မန်ယူအတွက် အဆုံးအဖြတ် ဂိုးများကို သွင်းယူပေးနေသော စီရိုနယ်ဒို အက်ဖ်အေ အကြိုဖိုလ်လုပွဲမှာ ဂိုးသွင်းပေးနိုင်မည်လား။

(အင်တာနက်ဓာတ်ပုံ)

တိုက်စစ်မှူး တင်ကာဟေး

အဲဗာတန်အတွက် ဂိုးအများဆုံး သွင်းယူပေးထားသည့် တိုက်စစ်မှူး တင်ကာဟေး။ (အင်တာနက်ဓာတ်ပုံ)

ဧပြီ ၁၈ရက် (ယနေ့)
အက်ဖ်အေပထမအကြိုဖိုလ်လုပွဲ
အာဆင်နယ်နှင့် ချယ်လ်ဆီး
(မြန်မာစံတော်ချိန် ည ၁၀နာရီ ၄၅မိနစ်)

ဧပြီ ၁၉ရက်
အက်ဖ်အေဒုတိယအကြိုဖိုလ်လုပွဲ
မန်ယူနှင့် အဲဗာတန်
(မြန်မာစံတော်ချိန် ည ၉နာရီခွဲ)

ရန်ကုန်အရှေ့ပိုင်းခရိုင် မဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်အတက်နေ့က ယိမ်းအဖွဲ့များ ဆုပေးပွဲအခမ်းအနားကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က ပထမဆုရရှိသော ရှခင်းသာရပ်ကွက် ယိမ်းအဖွဲ့အား ဆုချီးမြှင့်စဉ်။ (၁၁၆)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ဧပြီ ၁၆ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၆)ရပ်ကွက် မဟာသင်္ကြန်မဏ္ဍပ်တွင် ဆုပေးပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ပထမဆုရရှိသော အမှတ်(၇၁)ရပ်ကွက် ရေနန်းဗိမာန်ဖျော်ဖြေရေးနှင့်ရေကစားမဏ္ဍပ်မှ တာဝန်ရှိသူများအား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ငွေရတုမင်္ဂလာ ဆုတောင်း

ဖေဖေ **ဗိုလ်မှူးချုပ် မောင်မောင်အုန်း**နှင့် မေမေ **ဒေါ်ခင်ဆွေဝင်း**တို့၏ ၁၈-၄-၂၀၀၉ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ ရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုနှစ်များတိုင်အောင် ချစ်သားသမီးတို့နှင့် အတူ လိုအင်ဆန္ဒများ တိုးပွားပြည့်စုံ၍ သာယာချမ်းမြေ့သော မိသားစု ဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်....

သမီးကြီး - အိမို့မို့အောင်
သားလတ် - ရန်လင်းမောင်မောင်
သားငယ် - ဉာဏ်လင်းမောင်မောင်။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာလမ်းနေ
ဦးတင်လှိုင်-ဒေါ်တင်စိန်တို့၏ သားထွေး
မောင်ကျော်ဇော
(ICS Group of Companies)
B.A (Geography), Dip. Mechanical Technology (YTU), Dip. BIS (UK),
BFCM (Business Financial & Computing Management)
Boston College of London, Electrical Installation (Uxbridge College)
နှင့်
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာနေ
(ဦးခင်မောင်မြင့်)-ဒေါ်ထွေးထွေး (လယ်ပြ-ငြိမ်း)တို့၏ သမီး
မခင်မိုမိုမြင့်
(M&N Sheth Company Ltd.)
B.A (History) , Dip. LCCI Part 1&2 , CAT (UK),
ACCA Part 2 (Boston College of London)

တို့သည် ၂၅-၃-၂၀၀၉ ရက်တွင် England နိုင်ငံ London မြို့ရှိ မြန်မာသံရုံးတွင် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး ရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီး ၃-၄-၂၀၀၉ ရက်တွင် London မြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းတွင် မင်္ဂလာဆွမ်းကျွေး၍ ၁၂-၄-၂၀၀၉ ရက်တွင် DRAGON KING ၌ မင်္ဂလာဧည့်ခံပွဲ ပြုလုပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇော-မခင်မိုမိုမြင့်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးနေ
ဦးရွှေကျော်-ဒေါ်ဝေသာတို့၏သား
မောင်နေထွန်းကျော်
(Graphic & Web Designer, Full House Communication Pte., Ltd. Singapore) နှင့်
ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ
ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်ရီတို့၏သမီး
မမိုးမြင့်ခိုင်
(Accounts Executive , Rentokil Initial (S) Pte., Ltd. Singapore)

တို့သည် Singapore နိုင်ငံတွင် ၁၀-၄-၂၀၀၉ရက်၌ Mr.Peter Lee (Solemnizer) ရှေ့မှောက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ သဘောတူညီချက်အရ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် မောင်နေထွန်းကျော်-မမိုးမြင့်ခိုင်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ဆင်ရေကန်လမ်း၊ အိမ်အမှတ် ၈၀ နေ
(ဦးသောင်း)-ဒေါ်ညွန့်ရီ
တို့၏ သားထွေး
ဗိုလ်မှူးသန်းနိုင်လွင် B.A (History)
နှင့်
စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်၊ နမ့်တောကျေးရွာနေ
ဦးဝင်းမြင့်-ဒေါ်ဝင်းရှိန်(အေးငြိမ်းရတနာ အမြန်ရေယာဉ်နှင့် အထွေထွေလုပ်ငန်း)
တို့၏ သမီးကြီး
မနန်းခမ်းဝင်း (ခ) မီးမီးကြီး B.A (IR)

တို့၏ ၁၇-၂-၂၀၀၉ရက် နမ့်တောမင်္ဂလာခန်းမ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော မြို့နယ်တရားသူကြီး ဦးကာလတ်နှင့် ၄-၃-၂၀၀၉ရက် သာသနဟိတကာရီ ကွင်းကျောင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးတွင် ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အစစအရာရာမေတ္တာဖြင့် ကူညီပံ့ပိုးပေးကြသော လူကြီးမင်းများနှင့် သူငယ်ချင်းများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးသန်းနိုင်လွင်-မနန်းခမ်းဝင်း(ခ)မီးမီးကြီး။

မွေးနေ့ဆုတောင်း

ယနေ့ကျရောက်သော သမီး **မသဲဆုမြတ်သဥ္ဇာ**၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ဘဝအောင်မြင်မှုပန်းတိုင်ကို ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာဖြင့် အရောက် တက်လှမ်းနိုင်ပါစေလို့....

ဖေဖေ - ဦးကျော်လှိုင်-မေမေ ဒေါ်ထွေးထွေးလွင်
ဘဘ - ဦးဝင်းငွေ-ကြီးကြီး ဒေါ်ကြည်ကြည်လွင်
ကိုကို - အောင်မြင့်လွင်- မမ ဖြူနှင်းစိုး
ကိုကို - စိုင်းလှသိန်း-မမ ချစ်မ
ကိုကို - နိုင်ဇော်လင်းနှင့် ကိုကို အောင်ဌေးမင်း။

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံတက္ကသိုလ်လမ်းနေ
ဦးသူရ (Production Manager Myanmar Dairy Industries Ltd.)-
ဒေါ်ချိုချိုတင် (နတ်သုဒ္ဓါစားသောက်ကုန်လုပ်ငန်း) တို့၏ သား
ဗိုလ်ကြီးကျော်စွာသူရ B.E (Mechanical) , (D.S.T.A),
M.E (Spacecraft Systems Engineering)
နှင့်
မိုးကုတ်မြို့၊ ကံတော်ရပ်နှင့် မန္တလေးမြို့၊ နဝရတ်ရိပ်သာနေ
ဦးထင်ဝင်းကျော် (Managing Director, Royal Sapphire Gems Co., Ltd.) -ဒေါ်ဖြူဖြူဟာန်(ခ)ဒေါ်မြင့်မြင့်ဦး (Director, Kyaw Hoe Family Gems Co., Ltd.) တို့၏ သမီး
ဒေါက်တာဝတ်ရည်ကျော်တင် M.B.,B.S (Mgy)

တို့၏ ၁၉-၂-၂၀၀၉ရက် Sedona Hotel(Mandalay)၌ ကျင်းပသော လက်မှတ်ရေးထိုး မင်္ဂလာပွဲ၊ ၂၂-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Mandalay)၌ ကျင်းပပြီးစီးခဲ့သော ထိမ်းမြားမင်္ဂလာ အခမ်းအနား၊ ၂၅-၃-၂၀၀၉ရက် (မိုးကုတ်မြို့)တွင် ကျင်းပသော မင်္ဂလာဆွမ်းကျွေးနှင့် မင်္ဂလာဧည့်ခံပွဲ၊ ၃၀-၃-၂၀၀၉ရက်တွင် I.B.C (ရန်ကုန်မြို့)၌ ကျင်းပသော မင်္ဂလာညစာ စားပွဲအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်လှဝင်းအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ဒေါက်တာဘုန်းတင့်ဝေနှင့် ဇနီးဒေါ်ဆွေဆွေအားလည်းကောင်း၊ ရတနာဆင်မြန်းပေးသော တော်ဝင်စိန်တိုက်မှ ဒေါက်တာဦးမြမောင်-ဒေါ်ဝင်းမေ (အဂ္ဂမဟာသီရိသုဓမ္မသီဂီ)နှင့် သား ကိုကျော်စွာဝင်းအားလည်းကောင်း၊ မိတ်ကပ်မိုးကုတ်ပေါက်ပေါက်၏ တပည့် အားရီကဲ့နှင့်အဖွဲ့၊ Sedona Hotel (Mandalay)မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံး၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်စွာသူရ-ဒေါက်တာဝတ်ရည်ကျော်တင့်။

အမည်ပြောင်း

အဖ ဦးဇော်ဝင်း၏ သမီး အလက-၅၊ ရန်ကင်း၊ အဌမတန်း(A)မှ မသီတာအောင်အား ယနေ့မှစ၍ မထက်အာကာချိုဟု ပြောင်းလဲခေါ်ပါရန်။ **မထက်အာကာချို။**

THREE STAR

Air Con၊ ရေခဲသေတ္တာ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ဆေးကြောသန့်စင်ခြင်း၊ရောင်းဝယ်ခြင်းလုပ်ငန်းများကို Door to Door Service ဖြင့် ဆောင်ရွက်ပေးနေပါသည်။
ဖုန်း-၇၀၅၇၈၄၊၀၉-၅၁-၆၃၄၈၀။

ဥတု
ရာသီ
တောကို
မှီ၏

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ် ချင်းပြည်နယ်တို့၌ မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၁၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့်ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

နေ့အပူချိန်

နေ့အပူချိန်များမှာ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီ စင်တီဂရိတ်အထိပိုခဲ့ပြီး ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ မုံရွာမြို့၊ မြင်းခြံမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ ဒသမ၁၁ လက်မ၊ နေပြည်တော်(သပြေကုန်း)တွင် ၁ဒသမ၂၂လက်မ၊ ပြင်ဦးလွင်မြို့တွင် ၂ဒသမ၀၈ လက်မ ၊မောင်တောမြို့တွင် ၁ဒသမ ၆၅ လက်မ၊ တံတားဦးမြို့တွင် ၁ဒသမ ၄၆ လက်မ၊ မုဒုံမြို့တွင် ၁ဒသမ ၂၆ လက်မနှင့် ကော့ကရိတ်မြို့တွင် ၁ဒသမ ၀၆ လက်မတို့ ဖြစ်ကြသည်။

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း(ဘစ်ဂျလီ)သည် လွန်ခဲ့သော သုံးနာရီအတွင်းက အရှေ့မြောက်ဘက်သို့ လျင်မြန်စွာ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းသို့ ဦးတည်ရွေ့လျားခဲ့ကာ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၏ တောင်ဘက်ယွန်းယွန်း မိုင် ၁၈၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ယနေ့နံနက်မှ နောက် ၂၄နာရီအတွင်း ၁၈-၄-၂၀၀၉ ရက် (စနေနေ့)အစောပိုင်းမှ စတင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ကော့ဘဇားမြို့နှင့် စစ်တကောင်းမြို့ကြားမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၁၈ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတမ်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်မှ မိုင် ၅၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၄-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅ ၇။ တိရစ္ဆာန်ဥယျာဉ် နေပြည်တော်သွားလိုက်ကြစို့ တူပျော်ပျော် (အပိုင်း-၁)
၈:၃၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၂၀ ၅။ Yan Can Cook
၁၃:၄၅ ၆။ မူဟန်သွယ်သွယ် ဆိုကြမယ်
၁၄:၀၀ ၇။ အတီးပြိုင်ပွဲ
၁၄:၁၀ ၈။ **သာယာရွှေပြည်တို့နေပြည်** ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ ဇင်ဇင် ဇော်မြင့်၊ မော့စ်၊ ဗေလုဝ၊ ရှက်တယ် (ဒါရိုက်တာ- စင်ရော်မောင်မောင်)
၁၄:၄၅ ၉။ International News
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄:၅၅ ၆။ အကပြိုင်ပွဲ
၅:၁၀ ၇။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅:၂၀ ၈။ ပုသိမ်မှန်စက်ရုံ
၅:၄၅ ၉။ ကြေးမုံရိပ်သွင်တေးနုယဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၂၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၅ ၁၂။ ပဋ္ဌလက်ကျောင်းတော်
၆:၅၀ ၁၃။ သူရွှေးသီရာတေးကဗျာ
၇:၄၅ ၁၄။ အပန်းဖြေလှည့်ပါ မြစ်ကမ်းခြေသာယာ
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာရုပ်ရှင် **ချစ်ခြင်းဖွဲ့မေတ္တာ** (အပိုင်း-၁) ဒွေး၊ မင်းသူ၊ မင်းထက်ကျော်ဇင်၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်၊ မြတ်ကေသီအောင်၊ ဆုပန်ထွာ (ဒါရိုက်တာ - ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အရှည်ဆုံး သတို့သမီးဝတ်စုံ

ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့တွင် ပြီး၁၅ရက်ကကျင်းပသော မင်္ဂလာဆွေ့ခံပွဲတစ်ခု၌ သတို့သမီးဝတ်ဆင်ထားသည့် မင်္ဂလာဝတ်စုံမှာ အရှည်၄၇၃၇ပေရှိရာ ကမ္ဘာပေါ်၌ အရှည်ဆုံးသတို့သမီးဝတ်စုံအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(ယာပုံ)**

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး ပန်းခြင်း

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ အင်ဒီဂိုးဟိုတယ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော လက်ဆွဲပန်းခြင်းကြီးမှာ ပန်းခြင်း အကျယ် ပေ၂၀၊ အမြင့်၁၀ပေ၊ အလေးချိန် ကီလို၂၅၀ရှိကာ အဆိုပါပန်းခြင်းကြီးတွင် အမျိုးအစားပေါင်း ၁၀၀ကျော်သော ပန်းအမျိုးမျိုး၊ နှင်းဆီ၊ သစ်ခွ စသည့် ပန်းများဖြင့်ပြုလုပ်ထားရာ ကမ္ဘာပေါ်၌ အကြီးဆုံး ပန်းခြင်းကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဝဲပုံ)

(အင်တာနက်ဓာတ်ပုံ)

ဘဝဒဿန

■ *Carelessness does more harm than a want to knowledge.*

❒ *နမော်နမဲ့နိုင်ခြင်းသည် ဗဟုသုတ ခေါင်းပါးခြင်းထက် ပို၍ အန္တရာယ်ဖြစ်စေနိုင်သည်။*

ဘင်ဂျမင်ဖရန်ကလင်း

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

အင်တာနက်ကျန်းမာရေး

ချယ်ရီသီး စားသုံးပေးပါလျှင် သွေးပေါင်ချိန်မြင့်တက်မှု ကျဆင်းစေနိုင်

ချယ်ရီသီးတွင် ပါဝင်သောဓာတ်သည် သွေးပေါင်ချိန်မြင့်တက်မှုကို ကျဆင်းစေနိုင်ကြောင်း အမေရိကန်နိုင်ငံ မီချီဂန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ကျန်းမာရေးအထောက်အကူပြု

ချယ်ရီသီးဖြင့် ပြုလုပ်ထားသော မုန့်များနှင့် ယိုများကို စားသုံးခြင်းသည်လည်း သွေးတိုးနှင့် ဆီးချိုရောဂါဖြစ်ပွားမှု လျော့ကျစေနိုင်ပြီး ကျန်းမာရေးအထောက်အကူပြုနိုင်ကြောင်း သိရသည်။

သကြားဓာတ် သိသာစွာကျဆင်း

ချယ်ရီသီးဖြင့် ပြုလုပ်ထားသည့် အစားအစာများကို အနည်းဆုံး သီတင်း ၁၂ ပတ်ခန့် နေ့စဉ်စားသုံးပါက သွေးအတွင်းရှိသော သကြားဓာတ်ပမာဏကို သိသာစွာ ကျဆင်းစေနိုင်သည်။

စားသုံးပေး

ထို့အပြင် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောများပြားနေမှုကို လျော့နည်းကျဆင်းစေနိုင်ကြောင်း သိရသည်။ ထို့ကြောင့် အဝလွန်မှုဖြစ်နေသူများ အနေဖြင့် ချယ်ရီသီးဖြင့် ပြုလုပ်ထားသော အစားအစာများကို စားသုံးပေးပါက ကိုယ်အလေးချိန် ကျဆင်းစေကြောင်း သိရသည်။

ဟေတီသမ္မတနိုင်ငံ၏ သမိုင်းကြောင်း

သတင်းအက်ဆေး

ဟေတီသမ္မတနိုင်ငံသည် ကာရစ်ဘီယံပင်လယ်ဒေသတွင်တည်ရှိသည်။ ဤနိုင်ငံသည် ကာရစ်ဘီယံပင်လယ်ဒေသအတွင်း ပထမဆုံး လွတ်လပ်ရေးရသည့် နိုင်ငံဖြစ်သည့်ပြင် ကမ္ဘာ့ပထမဆုံး လူမည်းဦးဆောင်သည့် သမ္မတနိုင်ငံလည်းဖြစ်သည်။ ဤသို့သော ဟေတီနိုင်ငံ၏ ဂုဏ်ပုဒ်မှာ ဆယ်စုနှစ်များနှင့်ချီ၍ ဆင်းရဲမွဲတေမှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ အကြမ်းဖက်မှုနှင့် အာဏာရှင်ဆန်သည့် အုပ်ချုပ်မှုနှင့် မတည်မငြိမ်ဖြစ်မှုတို့ကြောင့် မှေးမှိန်သွားရသည်။

သေကျေ

အပူပိုင်းရာသီဥတုနှင့်အတူ တောတောင်ထူထပ်သည့် ဤနိုင်ငံမှာ နေရာဒေသ၊ သမိုင်းနှင့်ယဉ်ကျေးမှုတို့အရ ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားစရာ ဖြစ်သည်။ သို့သော်မတည်ငြိမ်မှု၊ အကြမ်းဖက်မှုများက ထိုအလားအလာများကို ဖျက်ဆီးပစ်သည်။ မှော်အတတ်နှင့် စုန်းကဝေကို ကိုးကွယ်သူ ဆေးဆရာပါပါဒေါ့နှင့် ၎င်း၏သား ဘေဘီဒေါ့တို့၏ ရက်စက်သော အာဏာရှင်ခေတ်တွင် ဤနိုင်ငံမှာ နာမည်ဆိုးဖြင့် ကျော်ကြားခဲ့ရသည်။ ၂၉နှစ်ကြာ သူတို့ခေတ်၊ သူတို့ကာလအတွင်း ပြည်သူထောင်ပေါင်းများစွာ သေကျေခဲ့ရသည်။

ဟေတီကျွန်းကို ၁၄၉၂ခုနှစ်တွင် ခရစ္စတိုဖာကိုလံဘတ် စတင်တွေ့ရှိသည်။ ၁၄၉၆ ခုနှစ်တွင် ယခု ဒိုမီနီကန်သမ္မတနိုင်ငံ၏မြို့တော် စန်တိုဒိုမင်ဂို၌ စပိန်က စတင်အခြေချသည်။ ယင်းမှာ ကမ္ဘာ့အနောက်ခြမ်းတွင် ဥရောပတိုက်သားတို့ ပထမဆုံးအခြေချနေထိုင်ခြင်းဖြစ်သည်။ ၁၆၉၇ ခုနှစ်တွင် ဟစ်စပါနီယိုလာ အနောက်ပိုင်းကို စပိန်က ပြင်သစ်သို့ပေးအပ်လိုက်ရသည်။ သို့ဖြင့် ဟေတီဖြစ်လာခဲ့သည်။

ကေရာဇ်အဖြစ်ကြေညာ

၁၈၀၁ခုနှစ်တွင် ပြောက်ကျားခေါင်းဆောင်တစ်ဦးဖြစ်လာသူ လူမည်းကျွန်ဟောင်း လူဗာချားက ဟေတီကို အောင်နိုင်ပြီးနောက် ကျွန်စနစ်ကိုဖျက်သိမ်းသည်။ ၁၈၀၄ ခုနှစ်တွင် လွတ်လပ်ရေးရသည်။ ကျွန်ဟောင်း ဂျင်းဂျက်ဒက်ဆာလင်းက သူ့ကိုယ်သူ ဟေတီနိုင်ငံ၏ ကေရာဇ်အဖြစ် ကြေညာသည်။ ၁၈၀၆ ခုနှစ်တွင် ဒက်ဆာလင်း လုပ်ကြံခံရပြီး နိုင်ငံနှစ်ခြမ်း ကွဲသွားသည်။ မြောက်ပိုင်းကို လူမည်းတို့အုပ်စိုးပြီး တောင်ပိုင်းကို လူဖြူ-လူမည်း ကပြားတို့အုပ်စိုးသည်။ ၁၉၁၅ ခုနှစ်တွင် အမေရိကန်ကျူးကျော်သည်။ ၁၉၃၄ ခုနှစ်တွင် အမေရိကန်တပ်များ ရုပ်သိမ်းသည်။

၁၉၅၆ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းပြီး စုန်း၊ ကဝေ၊ မှော်ကိုးကွယ်သူ ဆေးဆရာ ပါပါဒေါ့အား ၁၉၅၇ခုနှစ်တွင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၆၄ ခုနှစ်တွင် ပါပါဒေါ့က ရာသက်ပန်သမ္မတအဖြစ် ကြေညာသည်။ ၁၉၇၁ခုနှစ်တွင် ပါပါဒေါ့ ကွယ်လွန်သောအခါ သားဖြစ်သူ ဘေဘီဒေါ့ ရာသက်ပန်သမ္မတအဖြစ် ဆက်ခံသည်။ ၁၉၈၆ခုနှစ်တွင် ဘေဘီဒေါ့တိုင်းပြည်မှ ထွက်ပြေးသည်။ ဒုတိယဗိုလ်ချုပ်ကြီး ဟင်နရီနမ်ဖီ အုပ်ချုပ်ရေးကောင်စီ အကြီးအကဲတာဝန်ယူသည်။ ၁၉၈၈ ခုနှစ်တွင် လက်စလီ မာနီဂက် သမ္မတဖြစ်လာသည်။ သို့သော် ဗိုလ်မှူးချုပ် ပရော့စပါးက အာဏာသိမ်းသည်။

၁၉၉၀ပြည့်နှစ်တွင် ဂျင်းဘာထရန်အရစ္စတိုက်သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၉၁ခုနှစ်တွင် ဗိုလ်မှူးချုပ်စီးဒရပ်က အာဏာသိမ်းသည်။ အမေရိကန်နိုင်ငံနှင့် အမေရိကနိုင်ငံများ အဖွဲ့(အိုအေအက်စ်)က အရေးယူပိတ်ပင်သည်။ ၁၉၉၄ခုနှစ်တွင် အမေရိကန်က ကျူးကျော်ဝင်ရောက်သည်။ အရပ်သားအစိုးရလက် အာဏာအပ်ရေးကို အမေရိကန်တပ်များက ကြီးကြပ်ပေးသည်။ အရစ္စတိုက်သမ္မတ ပြန်ဖြစ်လာသည်။

ကျမ်းသစ္စာကျိန်ဆို

၁၉၉၅ခုနှစ်တွင် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်များက အမေရိကန်တပ်များနေရာအစားဝင်ပြီး ဒီဇင်ဘာရွေးကောက်ပွဲတွင် ရီနီပရီဗာသမ္မတအဖြစ် ရွေးချယ်ခံရပြီး ၁၉၉၆ခုနှစ်တွင် ပရီဗာသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၂၀၀၀ပြည့်နှစ် နိုဝင်ဘာလတွင် အရစ္စတိုက်သမ္မတအဖြစ် ဒုတိယအကြိမ် အရွေးခံရသည်။ ၂၀၀၄ခုနှစ်ဆန်းတွင် လွတ်လပ်ရေးနှစ်၂၀၀ပြည့်အစီအစဉ်ကို သမ္မတဆန့်ကျင်သူများက အကြမ်းဖက်ဟန့်တားသည်။ သူပုန်များက မြို့ရွာများကို သိမ်းသဖြင့် အသေအပျောက်များရှိသည်။ အရစ္စတိုက်အား ပြည်နှင်ဒဏ်ပေးပြီး ထိုနှစ်ဇွန်လတွင် လုံခြုံရေးအတွက် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်၏ ပထမအသုတ်ရောက်ရှိလာသည်။ ၂၀၀၅ခုနှစ် ဧပြီလတွင် ထင်ရှားသည့် သူပုန်ခေါင်းဆောင် ရာဗစ်ရီမစ်ဆိန်သီကို ရဲတပ်ဖွဲ့ဝင်များက သုတ်သင်လိုက်သည်။

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ သမ္မတရွေးကောက်ပွဲတွင် ရီနီပရီဗာ အနိုင်ရသည်။ ထိုနှစ် ဇွန်လတွင် ဝန်ကြီးချုပ်ဂျက်အက်ဒွပ်အက်လ်ဇီ ဦးဆောင်သည့်အစိုးရအဖွဲ့က ရာထူးလက်ခံသည်။ ထိုနှစ်အောက်တိုဘာတွင် ၁၉၉၁ခုနှစ်က ပြဋ္ဌာန်းသည့် အမေရိကန်၏ လက်နက်ပိတ်ပင်မှုကို ရုပ်သိမ်းလိုက်သည်။



၂၀၀၇ နှစ်ဆန်းတွင် သူပုန်ဂိုဏ်းများကို ကုလသမဂ္ဂတပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်ချေမှုန်းသည်။

ကြိုးပမ်းတိုက်ဖျက်

ဟေတီသမ္မတနိုင်ငံ၌ မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းက ဤနိုင်ငံ၏ တရားရေးစနစ်နှင့် ရဲတပ်ဖွဲ့ဝင်အချို့ကို အဂတိလိုက်စားစေသည်။ ထို့ပြင် မုန်တိုင်းနှင့် ရေလွှမ်းမိုးမှုစသော သဘာဝအန္တရာယ်များက ခြိမ်းခြောက်စဉ်တွင် သစ်တောပြုန်းတီးမှုတို့ကပါ အခြေအနေကို ပိုမိုဆိုးရွားသွားစေသည်။ ဤသို့သော အချိန်အခါတွင် ဟေတီအစိုးရသည် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆင်းရဲချမ်းသာကွာဟမှုကို ပြည်သူနှင့်အတူ ကြိုးပမ်းတိုက်ဖျက်လျက်ရှိသည်။ ။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်။**

ဟေတီကျွန်းကို ၁၄၉၂ ခုနှစ်တွင် ခရစ္စတိုဖာကိုလံဘတ် စတင်တွေ့ရှိ၊ ၁၄၉၆ခုနှစ်တွင် ယခု ဒိုမီနီကန်သမ္မတနိုင်ငံ၏မြို့တော် စန်တိုဒိုမင်ဂို၌ စပိန်က စတင်အခြေချ၊ ယင်းမှာ ကမ္ဘာ့အနောက်ခြမ်းတွင် ဥရောပတိုက်သားတို့ ပထမဆုံးအခြေချ နေထိုင်ခြင်းဖြစ်၊ ၁၆၉၇ခုနှစ်တွင် ဟစ်စပါနီယိုလာ အနောက်ပိုင်းကို စပိန်က ပြင်သစ်သို့ ပေးအပ်လိုက်ရ၊ သို့ဖြင့် ဟေတီဖြစ်လာခဲ့။

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မဟာနန္ဒာကန်တော် မြို့ပြရေပေးရေးလုပ်ငန်း၌ ရေစစ်ကန်ဖြင့် ရေပေးဝေမှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ဟုမ္မလင်း ဧပြီ ၁၀

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်ကိုက်ညီရေး အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၃/၀၉) ဖွင့်ပွဲ အခမ်းအနားကို မတ်၂၃ရက်က ဟုမ္မလင်းမြို့နယ် နောင်ပိုအောင် စံပြကျေးရွာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့် တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

မအူပင်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီမှ ဖွင့်လှစ်သည့် နွေရာသီ အခြေခံအားကစားသင်တန်းကို ဧပြီ ၁ရက်က ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွန့်က သင်တန်း အထောက်အကူပြု အားကစားပစ္စည်းများကို မြို့နယ်အလုပ်အမှုဆောင်သို့ ပေးအပ်စဉ်။ (ခရိုင် အား/ကာ)

လက်ပံတန်းအရန်မီးသတ်တပ်ဖွဲ့ နှစ်ပတ်လည်အခမ်းအနားကျင်းပ

လက်ပံတန်း ဧပြီ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့၏ (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဧပြီ ၂ရက်က မီးသတ်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေမျိုးသန်းနှင့် မီးဘေးကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဦးဇော်ဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင် ဒေါ်ခင်စန်းဝင်းက နှစ်ချုပ်အစီရင်ခံစာတင်သွင်းခြင်း၊ ထူးချွန်တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်၍ သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ တက်ရောက်လာကြသည့် တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည် သရုပ်ပြသကြသည်။

(၁၇၅)

သာစည်မြို့နယ်စည်ပင် ကတ္တရာလမ်းသစ်ဖွင့်

သာစည် ဧပြီ ၁၂

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ၂၅လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ရက် နံနက် ၉ နာရီက အမှတ်(၄) မြို့မရပ်ကွက်အတွင်းရှိ အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးပေါက်ကျော်၊ အမှုဆောင်အရာရှိ ဦးမောင်တိုးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်သော ၂၅ လမ်း ကတ္တရာလမ်းသစ်မှာ လမ်းအရှည် ၁၆၅၁ ပေ၊ လမ်းအကျယ် ၁၂ ပေရှိပြီး အဖွဲ့ပိုင်ငွေကျပ် ၁၃၉၆၄၅၀၀ အကုန်အကျခံ၍ ခင်းကျင်းသော လမ်းဖြစ်ကြောင်း သိရသည်။

(၀၉၄)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ မတ်၂၃ရက်က သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်သူနှင့်ပူးပေါင်း ဆောင်ရွက်သည့် နှစ်ကိုင်းကျေးရွာ အဝင်လမ်း ကတ္တရာလမ်းပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်နှင့်အငယ်တန်းအင်ဂျင်နီယာ ဦးဇော်မြင့်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကတ္တရာလမ်း(၂၇/၁)မိုင် လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို စည်ပင်သာယာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့်နှင့်အဖွဲ့ မတ်၃၁ရက်က ကွင်းဆင်းစစ်ဆေးရာ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (တိုင်းစည်ပင်)

စာအုပ်စာစောင်တိုးပွားရေး ပုသိမ်၌ဆွေးနွေး

ပုသိမ် ဧပြီ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များ လိုက်နာဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၆ရက် နံနက် ၉နာရီက ပုသိမ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စံ(၅)ချက်

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ဆွေးနွေးရာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဝန်ကြီးက ချမှတ်ပေးထားသည့် သတ်မှတ်စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေး၊ စာဖတ်သူတိုးပွားရေးနှင့် စာအုပ်စာစောင် အသစ်များ တိုးပွားရေးအတွက် ခရိုင်နှင့် မြို့နယ်ရုံးများအပါအဝင် ရှင်သန်ခိုင်မာပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် စာငှားကတ်စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ လစဉ်လှူဒါန်းသည့် စာအုပ်၊ စာစောင် အလှူရှင်များ တိုးပွားရေး၊ နေ့စဉ်ထုတ် သတင်းစာများကို လက်ရှိ အခြေအနေထက်တိုးတက်ပြီး ကျေးရွာများအရောက် ဖြန့်ဝေရေးနှင့် ဒို့ကျေးရွာဂျာနယ်ကို ပိုမိုတိုးတက်ဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်ရေး စသည်ဖြင့် ဆွေးနွေးသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးဦးငွေထွန်းက တိုင်းအတွင်း ဝန်ကြီး၏ မှာကြားချက်များကိုအလေးထား၍ လုပ်ငန်းများဆောင်ရွက်နေမှုကို တင်ပြပြီး ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများ၏ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။ (ခရိုင် ပြန်/ဆက်)

မတ်၂၆ရက်က ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာဈေးတွင် မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(၀၄၅)

မီးလောင်မှု မဖြစ်ပွားရေး ကြိုတင်ကာကွယ် ပုလဲမြို့နယ်တွင် လုပ်ငန်းများ ဆောင်ရွက်

ပုလဲ ဧပြီ ၁၂

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးသည် မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဇော်ဦး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့မှူးဦးမြင့်ဝေတို့ လိုက်ပါလျက် မတ် ၂၉ ရက်က ပုလဲမြို့နယ် ခင်အေးရေနံမှော်သို့ သွားရောက်ပြီး မီးလောင်မှု မဖြစ်ပွားရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့သည် ရှင်းလင်းဆောင်တွင် ခင်အေးရေနံမှော်မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရေနံမှော်နေ အလုပ်သမားများနှင့် တွေ့ဆုံကာ မီးဘေးအန္တရာယ် မဖြစ်ပွားရေး၊ မီးသုံးစွဲရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း စနစ်တကျ သုံးစွဲရေးတို့ကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးသည် ပုလဲ-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ် (၄၆/၀မှ ၄၇/၀)တွင် ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်နေသော ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

မြင်းမူမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အသိပညာပေးဆွေးနွေး

မြင်းမူ ဧပြီ ၁၂

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ လိုက်ပါလျက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အသိပညာပေးဆွေးနွေးပွဲကို မတ် ၂၉ရက်က ကန်ဖျားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက ပညာပေးဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းများအကြောင်းဆွေးနွေးပြောကြားပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်တို့ကို ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးရွာပြည်သူများ၏ တင်ပြချက်များအပေါ် ဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံပိုင်စက်ရုံများက ပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်း အဆင့်မီကောင်းမွန်သည့် ပစ္စည်းများဖြစ်အောင် အမြဲအလေးထားကြိုးစား

ကုန်ကျစရိတ်နှင့် ဝင်ငွေ အချိုးမျှတပြီး ထိုက်သင့်သော အကျိုးအမြတ်ရရှိနေရန် အရေးကြီး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘိလပ်မြေစက်ရုံသုံး ထုံးကျောက်များ၊ အဆင့်မြင့် မီးခံအုတ်များ၊ ဘိလပ်မြေစက်ရုံထုတ် ကုန်ချောဘိလပ်မြေများ၊ ဘိလပ်မြေ အိတ်ခွံများ၊ မှန်စက်ရုံသုံး သဘာဝကုန်ကြမ်းများ၊ ကျောက်ဆည်စက်မှုဇုန် နယ်မြေမှ ထုတ်လုပ်သည့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည် စက်မှုနယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၂) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဧပြီ ၁၇

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် ညနေ ၆ နာရီခွဲက ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးမြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက်ချီးမြှင့်သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်း ဘစ်ဂျ်လီ မြန်မာနိုင်ငံ ကမ်းရိုးတန်းဆီသို့ ဦးတည်ရွေ့လျားနေခြင်း မရှိ

နေပြည်တော် ဧပြီ ၁၇

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ဘစ်ဂျ်လီ(Bijli)သည် ပိုမိုအားကောင်းလာခြင်း မရှိဘဲ အရှေ့မြောက်ဘက်သို့ဦးတည်၍ *စာမျက်နှာ ၉ ကော်လံ ၁* ■